# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်    ၂၀၂၃ ခုနှစ်၊ မေ ၁ ရက်၊ တနင်္လာနေ့    အတွဲ (၆၂)၊ အမှတ်(၂၀၉)


### တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများမှ အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ရပိုင်ခွင့်များ ပြည့်ဝမှန်ကန်စွာရရှိစေရေး စစ်ဆေးစည်းကြပ်ဆောင်ရွက်ပေးလျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၃ ခုနှစ်၊ မေလ ၁ ရက် )

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယသည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့်နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားထုကြီးတစ်ရပ်လုံးနှင့်အတူ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ သမိုင်းကြောင်းကို ကြည့်လျှင် အခက်အခဲပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းလာခဲ့ပြီးမှ အလုပ်သမားများ၏ အခွင့်အရေး ရပိုင်ခွင့်များရရှိလာသည့် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည့်အတွက် ၁၈၈၉ ခုနှစ်၊ မေလ (၁) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဟု သတ်မှတ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစတင်၍ ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများ ကျင်းပခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၃၈ ခုနှစ်၊ မေလ (၁) ရက်နေ့မှ စတင်၍ နှစ်စဉ်အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနား ကျင်းပခဲ့ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားမှုတို့အပေါ် တည်မှီနေသည့်အတွက် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများ အကျိုးခံစားခွင့်များ ရရှိစေရေးနှင့် လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် အလုပ်သမားကြီးများ၏ အကျိုးစီးပွားကို အလေးထား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ (၂၀၀၈ ခုနှစ်) ပုဒ်မ(၂၄)တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ○

## တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းမှ ဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူများ အင်းလေးကန်သို့ လေ့လာရေးသွားရောက်

**တောင်ကြီး မေ ၃၀**



တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများ သည် ယနေ့ နံနက်ပိုင်းတွင် အင်းလေးကန်သို့လေ့လာရေးခရီး သွားရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ ဟူပင်ဟိုတယ်ရှိ အင်းလေးခေါင်တိုင် လူရည်ချွန် စခန်းဟောင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခင် လူရည်ချွန်စခန်း ကျင်းပခဲ့သည့် နေရာများ၊ အဆောက်အအုံများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ လူရည်ချွန် မောင်မယ်များသည် ကြီးကြပ်

*စာမျက်နှာ ၄ ကော်လံ ၁* ❐

ယနေ့ *ဖတ်စရာ*

### ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း

ဆောင်းပါး စာ ၁၀

### လာမည့် ဆီးဂိမ်းနှင့် အာဆီယံမသန်စွမ်းပြိုင်ပွဲအတွက် ကမ္ဘောဒီးယားက ကန်ဒေါ်လာ ၁၁၈ သန်း သုံးစွဲမည်ဟုဆို

နိုင်ငံတကာသတင်း စာ ၁၃

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

# နိုင်ငံ့စီးပွားမြင့်မားတိုးတက်အောင် အလုပ်သမားတို့ ကြိုးပမ်းစွမ်းဆောင်

မေလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ စက်မှုအရင်းရှင်ခေတ်ဦးပိုင်းတွင် အလုပ်သမားဟူသည် လောဘကြီးမားသော အလုပ်ရှင်တို့အဖို့ အမြတ်အစွန်းပိုမိုရရှိနိုင်ရန်အတွက် အလုပ်ချိန်နှင့် လုပ်အားခများ ခေါင်းပုံဖြတ်ယူစရာ သားကောင်များဖြစ်ကြသည်။ တစ်ရက်လျှင် ၂၄ နာရီရှိရာ အလုပ်သမားများသည် ၁၆ နာရီမှ နာရီ ၂၀ အထိ အလုပ်လုပ်ကြရသည်။ အလုပ်ချိန်ကို ဤမျှရှည်လျားစွာ လုပ်ကြရသော်လည်း လုပ်အားခကိုမူ နည်းနိုင်သမျှနည်းနည်းသာပေးပြီး အကြောင်းအမျိုးမျိုးဖြင့်လည်း လျှော့ချဖြတ်တောက်မှုများပြုလုပ်ခဲ့ကြသည်။

တစ်နေ့လျှင် အလုပ်ချိန် ၁၀ နာရီသာထားရန် အလုပ်သမားများ၏ တောင်းဆိုမှုများသည် ၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ခန့်အထိ နှစ်ပေါင်း ၂၀ ခန့် တိုက်ပွဲဝင်တောင်းဆိုခဲ့ရပြီး အမေရိကန်ပြည်ထောင်စုတွင် စတင်ခဲ့သည့်အလုပ်သမားတို့၏ ရုန်းကန်လှုပ်ရှားမှုများမှာ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ စသည့် အခြားစက်မှုအရင်းရှင်နိုင်ငံများသို့လည်း ဆက်လက်ကူးစက်သွားခဲ့သည်။ ၁၈၈၄ ခုနှစ် အမေရိကန်အလုပ်သမားအဖွဲ့ချုပ်ညီလာခံတွင် ၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ တစ်နေ့လျှင် ရှစ်နာရီသာ အလုပ်လုပ်ရန်ဆုံးဖြတ်ချက်ချခဲ့ရာ အလုပ်ရှင်တို့၏ အဘက်ဘက်မှ ဖိနှိပ်ချုပ်ချယ်မှုများ၊ နှိပ်ကွပ်မှုများနှင့် ရင်ဆိုင်ခဲ့ကြရသော်လည်း နောက်ဆုံးတွင် အောင်မြင်မှုရရှိခဲ့သည်။ ၁၉ ရာစုတစ်လျှောက်လုံးတွင် အရင်းရှင်နှင့် အလုပ်သမားတို့အကြား အကျိုးစီးပွားချင်း ဆန့်ကျင်နေခဲ့ကြသလို ပဋိပက္ခများနှင့်သာ ပြည့်နေခဲ့သည်။

၁၈၉၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှစတင်၍ ပထမဆုံးသော အလုပ်သမားနေ့ကို ကမ္ဘာတစ်ဝန်းတွင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင်မူ အင်္ဂလိပ်နယ်ချဲ့လက်အောက်ကျရောက်နေစဉ်ကာလ ရေနံချောင်းနှင့် ချောက်တို့တွင် ရေနံမြေ အလုပ်သမားများ ၎င်းတို့၏လိုလားချက်ကို တောင်းဆိုဆန္ဒပြနေကြသည့်အချိန် ၁၉၃၈ ခုနှစ်တွင် ပထမဆုံးအဖြစ်ကျင်းပခဲ့သည်။ သို့ဖြစ်ရာ ယခုနှစ်အလုပ်သမားနေ့သည် မိမိတို့နိုင်ငံအဖို့ ၈၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရာစုနှစ်နှင့်ချီ၍ကြာမြင့်ခဲ့ပြီးသည့်နောက် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲခဲ့သလို ကုန်ထုတ်လုပ်မှုနည်းပညာများ၊ ခေတ်မီစက်ကိရိယာများလည်း တိုးတက်ပြောင်းလဲလာခဲ့ပြီး အလုပ်ရှင်နှင့်အလုပ်သမားတို့မှာ အကျိုးတူစီးပွားဖက်များ ဖြစ်လာကြသည်။ အလုပ်ရှင်က ရင်းနှီးမြှုပ်နှံမှုကို စိုက်ထုတ်ကြပြီး အလုပ်သမားတို့က လုပ်အားကို စိုက်ထုတ်ခြင်းဖြင့် ထွက်ရှိလာသော ထုတ်ကုန်ကို ဈေးကွက်သို့ပို့ဆောင်ကြရခြင်းဖြစ်ရာ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန် အသိအမှတ်ပြုမှုနှင့် သဟဇာတဖြစ်မှုတို့ လိုအပ်လာသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်ရန် လိုအပ်သည့်အလျောက် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ ပူးပေါင်းလက်တွဲကြိုးပမ်းနိုင်မှသာ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှ ကုန်များဝယ်ယူတင်သွင်းသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစု၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ရာ နိုင်ငံနှင့် မိမိအပါအဝင် ပြည်သူလူထု အကျိုးစီးပွားအတွက် ကိုယ်အား၊ ဉာဏ်အားရှိသမျှ အစွမ်းကုန် အားထုတ်ကြိုးပမ်းကြရပါမည့်အကြောင်း။ ။

# ကယားပြည်နယ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ နွေရာသီအားလပ်ရက် အခြေခံသင်တန်းများဆင်းပွဲအခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ



လွိုင်ကော် ဧပြီ ၃၀

ကယားပြည်နယ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ နွေရာသီအားလပ်ရက် အခြေခံသင်တန်းများ ဆင်းပွဲကို ယနေ့နံနက် ၈ နာရီက လွိုင်ကော်မြို့ ပြည်နယ်ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဦးတည်ချက်ထားပြီး ဆောင်ရွက်နေကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ အနာဂတ်မျိုးဆက်သစ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဘက်စုံ၊ ကဏ္ဍစုံ အားပေးကူညီ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့သားကောင်း၊ သမီးမွန်များအနေဖြင့် အနာဂတ်တွင် တိုင်းပြည်ကို ဦးဆောင်နိုင်ပြီး နိုင်ငံအတွက် အားထားရသော စည်းကမ်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် အသိပညာ၊ အတတ်ပညာများကို အားထုတ်ကြိုးပမ်း သင်ယူရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့တွင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအတွက် နွေရာသီအားလပ်ရက်တွင်ဖွင့်လှစ်သော ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စာအခြေခံ၊ ပန်းချီ၊ ဘင်ခရာ၊ ပန်းပွားနှင့် ဓမ္မစကြာသင်တန်းများတွင် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သရုပ်ပြအခမ်းအနားတွင် ခင်းကျင်းပြသထားသော နွေရာသီပန်းချီသင်တန်းများ၌ ဆုရ ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲဝင် လက်ရာများနှင့် သင်တန်းမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ကယားပြည်နယ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ နွေရာသီအားလပ်ရက် အခြေခံသင်တန်းများကို ပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နှင့် မယ်စဲ့မြို့နယ်များ၌ ဖွင့်လှစ်ခဲ့ပြီး အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင်တော်နှင့် ပြည်သူ့ရင်ပြင်တို့၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၃၀-၄-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၂-၅-၂၀၂၃ ရက်နေ့တွင် အခမ်းအနားကျင်းပစဉ်အတွင်း နံနက် ၀၄၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်လမ်းအား ဟံသာဝတီအဝိုင်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဟံသာဝတီအဝိုင်းမှ ရွှေတိဂုံဘုရားလမ်းအထိလည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ဦးထောင်ဘိုလမ်းမှ ဦးဝိစာရလမ်းထိပ်အထိလည်းကောင်း၊ အလုံလမ်းအား ဗဟိုလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိလည်းကောင်း၊ မြို့မကျောင်းလမ်းအား အလုံလမ်းမှ မင်းရဲကျော်စွာလမ်းအထိလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် ဟံသာဝတီအဝိုင်းတွင် ယာဘက်သို့ ချိုးကွေ့၍ ဟံသာဝတီလမ်းမှ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ဝဲဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ဦးဝိစာရလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဟံသာဝတီအဝိုင်းမှ ဟံသာဝတီလမ်း၊ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဦးထောင်ဘိုလမ်းမှ ဇဟန်းအဝိုင်းသို့လည်းကောင်း၊ အလုံလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဗဟိုလမ်းအတိုင်းလည်းကောင်း၊ မြို့မကျောင်းလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် မင်းရဲကျော်စွာလမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# သံတွဲခရိုင် အ.ထ.က(၂)ကျောင်းဝင်း၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွဲဖက်ဖွင့်လှစ်မည့်အခြေအနေ ရှင်းလင်းဆွေးနွေး

သံတွဲ ဧပြီ ၃၀

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အ.ထ.က(၂)ကျောင်းဝင်းအတွင်း တွဲဖက်ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(သံတွဲ)၌ ဖွင့်လှစ်သင်ကြားပေးမည့် စက်မှုဘာသာရပ်များ၊ သင်ကြားမှုအစီအစဉ်များ၊ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များနှင့် GTHS အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်က သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်က စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် စက်မှုနည်းပညာ ဘာသာရပ်များနှင့် ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အ.ထ.က(၂) ကျောင်းဝင်းအတွင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (သံတွဲ) အတွက် ဆောက်လုပ်ထားသည့် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ **(ဝဲပုံ)**

**ခရိုင်(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

**“နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေး များ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်”** ဟူ၍လည်းကောင်း၊ ပုဒ်မ(၃၁)တွင် **“နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီ ဆောင်ရွက်ရမည်”** ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အလုပ်သမားများ၏ လူမှုဘဝကို မြှင့်တင်ပြီး နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ **“သွင်းကုန် အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”** ကို စီးပွားရေးဦးတည်ချက်တစ်ရပ်အဖြစ် ထည့်သွင်းခဲ့ပြီး ယင်းဦးတည်ချက်အောင်မြင်စွာ ဆောင်ရွက်ဖော်ဆောင်နိုင်ရေးသည် အလုပ်သမားစွမ်းအားစုကြီးအပေါ် များစွာမူတည်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ အခြေခံပညာကဏ္ဍမြှင့်တင်နိုင်ရေး၊ အရည်အချင်း ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ အရည်အသွေးရှိသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ကျေးလက်ဒေသတွင် သက်မွေးဝမ်းကျောင်းသင်တန်းများ ပေးနိုင်ရေး၊ MSME လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိက မောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထုတစ်ရပ် ပေါ်ထွန်းလာစေရေးကို မျှော်မှန်း၍ တိုးတက်လာသည့် နည်းပညာသစ်များနှင့်အညီ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) ကို ဖွဲ့စည်းပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေးတို့အတွက် လုပ်သားအင်အားအခြေပြု ဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများ အပါအဝင် စက်ရုံ၊ အလုပ်ရုံများ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်လုပ်ကိုင်နိုင်ရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်ကြမ်းယူ ကုန်ချောပေး လက်ခစားလုပ်ငန်းများ (Cutting Making Packaging–CMP) ကို နိုင်ငံခြားကုမ္ပဏီများနှင့် တိုင်းရင်းသား လုပ်ငန်းရှင်များအား ဆောင်ရွက်ခွင့်ပြုခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ ရရှိနိုင်ရေးအတွက် မြန်မာအလုပ်သမားအများဆုံးသွားရောက် အလုပ်လုပ်ကိုင်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

**“နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေးတို့အတွက် လုပ်သားအင်အားအခြေပြုဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများ အပါအဝင် စက်ရုံ၊ အလုပ်ရုံများ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်လုပ်ကိုင်နိုင်ရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်ကြမ်းယူ ကုန်ချောပေး လက်ခစားလုပ်ငန်းများ (Cutting Making Packaging-CMP) ကို နိုင်ငံခြားကုမ္ပဏီများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆောင်ရွက်ခွင့်ပြုခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ”**

အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များ ရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် (၈၇) ကို လက်ခံကျင့်သုံးလျက်ရှိသည့်အပြင် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားအဖွဲ့အစည်း (၃၀၁၅) ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း (၂၈) ဖွဲ့ကို ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ယင်းအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး (၃) ခု၊ လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊ ဌာနကြီး ဆေးခန်း (၅၈) ခန်း၊ တိုင်းရင်းဆေးခန်း (၁) ခန်း၊ ပုဂ္ဂလိကဆေးရုံ ဆေးခန်း (၃၆) ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) (၂) စီးတို့ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများမှ အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ရပိုင်ခွင့်များ ပြည့်ဝမှန်ကန်စွာရရှိစေရေး စစ်ဆေးစည်းကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးလျက် ရှိပါသည်။

ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးအားဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန်၊ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများကို ထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများကို သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိနိုင်ရန်နှင့် သက်မွေးပညာသင်တန်းများ တက်ရောက်နိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင် အလုပ်သမားများအကြား လုပ်ငန်းခွင်အတွင်း ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခြင်းဖြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အလေ့အထအားကောင်းလာခြင်း၊ ကောင်းမွန်သော လုပ်ငန်းခွင်ဆိုင်ရာ ရလဒ်များရရှိနိုင်ခြင်း၊ အငြင်းပွားမှုများ လျော့ကျနိုင်ခြင်း၊ လုပ်ငန်းခွင်အတွင်း အပြန်အလှန် ယုံကြည်မှုတိုးတက်ခြင်းတို့အတွက် ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့နှင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်း၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ရေမြေရာသီဥတု အခြေခံသဘာဝတရားများကို အသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်ကြရမည့် အချိန်အခါသမယဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုပြီး **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** ဟူသည့် ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးအကျိုးကို ရှေးရှုပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင် သဘာဝမှ ပေးထားသည့် ကောင်းမွန်သော အရင်းအမြစ်များစွာရှိပြီးဖြစ်သည့်အလျောက် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် အလုပ်သမားများ၏ ကဏ္ဍကို အားကိုးအားထားပြုရမည်ဖြစ်ပြီး နိုင်ငံတော်မှလည်း အလေးထားအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အလုပ်သမားကြီးများက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည့်အပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေး၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်ပေါင်းစုံမှ ဦးတည်ချက်များချမှတ်၍ မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အဓိကအင်အားစုဖြစ်သော အလုပ်သမားထုကြီးက ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အလုပ်သမားကြီးများ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကိုဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

---

## ဘူးသီးတောင်မြို့နယ်၌ စံပြကျေးရွာ၊ RBF ၊ မြစိမ်းရောင်၊ VDP ကျေးရွာ ရွေးချယ်ရေး အခမ်းအနားကျင်းပ

**ဘူးသီးတောင် ဧပြီ ၃၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃–၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP)၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြှင့်တင်ရေးစီမံကိန်း (RBF) နှင့် Smart Village၊ One village one product ကျေးရွာ ရွေးချယ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်က မြို့နယ်ကျေးလက်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းက စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းနှင့် အတည်ပြုခြင်းတို့တွင် သတ်မှတ်ထားသည့် အခြေခံမူများနှင့်အညီ စိစစ်ရွေးချယ်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်ပတ်သက်၍ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP)ကျေးရွာအဖြစ် ကျေးရွာ ၁၀ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ယခု ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ( VDP) ကျေးရွာအဖြစ် ကျေးရွာခုနစ်ရွာနှင့် အရန်ကျေးရွာ သုံးရွာ၊ RBF ရွာ၊ မြစိမ်းရောင်ရွာ၊ Smart village ၊ One village one product ကျေးရွာတို့ကို ရွေးချယ် ဆောင်ရွက်သွားနိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကျေးရွာ ခုနစ်ရွာနှင့် အရန် သုံးရွာ၊ မြစိမ်းရောင် တစ်ရွာ၊ အရန် နှစ်ရွာ၊ RBF ရွာ တစ်ရွာ၊ အရန် နှစ်ရွာ၊ Smart Village တစ်ရွာ၊ One village one product တစ်ရွာတို့အား စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကျင်းပ





**နေပြည်တော် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

### မိသားစုဝင်များ တက်ရောက်

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာန ၁၈ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

### လေ့ကျင့်သင်ကြားပေးလျက်ရှိ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်၍ ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသား လူငယ်များကို ၎င်းတို့၏ နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကို စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၄၆ ဦး၊ သိပ္ပံဘွဲ့ ၁၂၈၂ ဦး၊ B.Tech ၁၃၅ ဦး၊ အင်ဂျင်နီယာ ဒီပလိုမာ ၇၄၃ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၇၁၆ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနမှ အားပေးထောက်ပံ့ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစား လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ Ph.D ဘွဲ့ ၁၅ ဦး၊ B.E ၃၀၁ ဦး၊ M.E ၁၅ ဦး၊ B.Tech ၄၅၂ ဦး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ် ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်းကျောင်းသား ကျောင်းသူများအနေဖြင့် အတုယူ ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

### ကြိုးစားကျင့်ကြံဆောင်ရွက်

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်လည်း လေ့လာသင်ယူတက်မြောက်ခဲ့သည့် အင်ဂျင်နီယာပညာရပ်များကို လက်တွေ့မြေပြင် အနေအထားများအပေါ် မူတည်ပြီး ပေါင်းစပ်၊ နှိုင်းယှဉ်သုံးသပ်၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အမြဲနှလုံးသွင်း ကြိုးစားကျင့်ကြံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားကို ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ၁၈ ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၈၁ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဝင်းအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အားကစားကွင်းပွဲကြည့်စင်၊ ဆောင်ရွက်ဆဲ လေးထပ်အင်ဂျင်နီယာ အလုပ်ရုံ၊ ဒီဂရီကောလိပ်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး၊ ငွေနှင်းမှို စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်သည်။

### ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ခန်းမရှေ့မြက်ခင်းပြင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ရှေ့ဖုံးမှ*

ဆရာ ဆရာမများ၊ ဒေသခံဆရာ ဆရာမများနှင့်အတူ အဖွဲ့လိုက်စက်လှေများဖြင့် အင်းလေးဒေသရိုးရာ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုဖြစ်သော ကေလာရေခြံသို့ သွားရောက်လေ့လာကြသည်။

### အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်

ထို့နောက် အင်းလေးဒေသ၏ ဂုဏ်ယူဖွယ်ရာ ဟဲယာရွာမငွေထည်လုပ်ငန်းမှ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းသို့ သွားရောက်လေ့လာကြရာ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းရှင် ဦးစံလင်းက မြန်မာ့ရိုးရာ လက်မှုပညာဖြစ်သည့် ငွေပန်းထိမ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသ၍ လူရည်ချွန်မောင်မယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် လူရည်ချွန် မောင်မယ်များသည် ငွေပန်းထိမ်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်များကို လေ့လာကြည့်ရှုကာ ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် အခြေခံပညာ အထက်တန်းကျောင်း (သာလေး) သို့ ရောက်ရှိပြီး ခေတ္တရပ်နားကာ နေ့လယ်စာသုံးဆောင်ကြပြီး လူရည်ချွန်မောင်မယ်များသည် ကမ္ဘာကျော်ရေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ညနေပိုင်းတွင် တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းတည်ရှိရာ တောင်ကြီး အ.ထ.က (၁) ဒေါ်ခင်သိန်းခန်းမ၌ လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အမှတ် (၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အက၊ ဟာသပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရွှေတောင်မြို့၌ ထိုင်းနိုင်ငံမှ လူကုန်ကူးခံရသူများကို မိဘရပ်ထံ ပြန်လည်အပ်နှံ

**ရွှေတောင် ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျောက်ထရံ ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာနေ လူကုန်ကူးခံရသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေးငယ်တစ်ဦးတို့သည် ထိုင်းနိုင်ငံတွင် လူကုန်ကူးခံရပြီး မိဘရပ်ထံ ပြန်လည် ပို့ဆောင်အပ်နှံခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းကို ယနေ့နံနက်က မြို့နယ် ထွေ/အုပ်ရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ ရဲမှူးနိုင်စိုးနှင့် ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့၊ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်နိုင်ဦး တို့က လူကုန်ကူးခံရမှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေး တို့က နှစ်သိမ့်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က လူကုန်ကူးခံရသူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် မိသားစုဝင် ကလေးငယ်တစ်ဦးအတွက် ကစားစရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

---

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၃၀** – ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် အောင်လံမြို့၊ တောင်ငူမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဖူလုံရေး - သုခစုံ အထွေထွေရောဂါကုဆေးခန်းနှင့် လူမှုဖူလုံရေး - ကောင်းဇေ အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၃၀**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၀) ရပ်ကွက် ပုလဲလမ်းမကြီး အမှတ် (၁၂၅၉) ရှိ လူမှုဖူလုံရေး-သုခစုံအထွေထွေရောဂါကုဆေးခန်းနှင့် ရွှေပြည်သာမြို့နယ် (၁၄) ရပ်ကွက် မဟာဗန္ဓုလလမ်းမ အမှတ် (၈၆၂) ရှိ လူမှုဖူလုံရေး-ကောင်းဇေ အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပသည်။




### လှည့်လည်ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကျုံးဝင်အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ လူမှုဖူလုံရေး-သုခစုံအထွေထွေရောဂါကုဆေးခန်းနှင့် လူမှုဖူလုံရေး-ကောင်းဇေအထွေထွေရောဂါကုဆေးခန်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ဆေးခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** ဆေးခန်းကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

### အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မြို့နယ်ပေါင်း ၁၁၆ မြို့နယ်၊ အကျုံးဝင်မှတ်ပုံတင်အလုပ်ဌာန ၃၄၈၇၈ ဌာနနှင့် အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၁၂၁၁၃၇၁ ဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အကျုံးဝင်အလုပ်ဌာန ၁၃၉၈၈ ဌာနနှင့် အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၈၆၃၅၃၃ ဦးရှိပြီး အဆိုပါ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဌာနပိုင်အလုပ်သမား ဆေးရုံကြီး သုံးရုံ၊ မြို့နယ်ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ Fee For Service စနစ်ဖြင့် စာချုပ်ဆေးခန်း ၁၂ ခန်း၊ Capitation Payment စနစ်ဖြင့် ပြင်ပလူနာကုသမှုဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော ဆေးရုံ/ ဆေးခန်း ၂၄ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော ဆေးရုံ/ သားဖွားခန်း ကိုးခန်း၊ ရွေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အာမခံအလုပ်သမားများကို ပိုမိုကောင်းမွန်သည့် ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိရာ ယခုဆေးခန်း နှစ်ခန်းအပါအဝင် Capitation Payment စနစ်ဖြင့် ပုဂ္ဂလိကစာချုပ်ဆေးရုံ/ဆေးခန်း ၂၆ ခန်းနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်စာပေသင်ရိုး Grade-1, Grade-2, Grade-3 Online Teaching လမ်းညွှန်သင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ပဲခူး ဧပြီ ၃၀

**စကောကရင် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများအတွက် ကရင်စာပေသင်ရိုး Grade–1, Grade–2, Grade–3 Online Teaching လမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနာကို ပဲခူးမြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။**



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အထူးအလေးထားကာ နယ်မြေဒေသ လူမျိုးဘာသာမရွေး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ကရင်တိုင်းရင်းသား ဆရာ ဆရာမ ၄၀၁ ဦး၊ အရှိုချင်း ၁၀၀၊ ပအိုဝ်း ၃၀၊ ရှမ်း ၁၂ ဦးနှင့် မွန် နှစ်ဦး တိုင်းရင်းသား လူမျိုးအလိုက် သင်ကြားရေး ဆရာ ဆရာမ ၅၄၅ ဦးအား ခန့်အပ်ထားနိုင်ခဲ့ပြီး အခြေခံပညာကျောင်းပေါင်း ၂၂၀ တွင် သင်ကြားရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသား စာပေ၊ ဘာသာစကား တိုးတက်မြင့်မားရေးအတွက် နွေရာသီကာလတွင် သင်ကြားရေး ဆရာ ဆရာမများကို ဘာသာရပ်အလိုက် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး ဆရာ ဆရာမများကလည်း ကြိုးစားအားထုတ်သင်ယူပြီး မိမိတို့မြို့နယ် ကျောင်းများတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က စကောကရင် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများအတွက် ကရင်စာပေသင်ရိုး Grade–1, Grade–2, Grade–3 Online Teaching လမ်းညွှန် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံ ကရင်စာပေသင်ရိုး ဖြစ်မြောက်ရေး ကော်မတီက ရေးဆွဲပြုစုထားသည့် Online Teaching DVD အခွေများအား ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်းရင်းသားရေးရာ ဝန်ကြီးက ကရင်တိုင်းရင်းသားရိုးရာ အမှတ်တရ လက်ဆောင်ပစ္စည်းကို ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** သင်တန်းသား ဆရာ ဆရာမများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သာစည်မြို့နယ် ယင်းမာပင်ဈေး၌ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**သာစည် ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ကြိုတင်ကာကွယ်ရေးအတွက် ( Mask Campaign) နှင့် ကိုဗစ်–၁၉ နှင့်ပတ်သက်၍ အသိပေး တိုက်တွန်းနှိုးဆော်ချက်များကို အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းတို့ကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက ယင်းမာပင်ဈေး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပါးစပ်နှာခေါင်းစည်း ၂၇၀၀ ကို မိတ္ထီလာ–တောင်ကြီးကားလမ်း၌ ဖြတ်သန်းသွားလာလျက်ရှိသည့် ပြည်သူများနှင့် ယင်းမာပင်ဈေးမှ ဈေးရောင်းဈေးဝယ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဆံတော်ရှင်ဆူးလေစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်သည့် ဆံတော်ရှင်ဆူးလေစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို မေ ၃ ရက် **(ဗုဒ္ဓဟူးနေ့)** တွင် စေတီတော်ရင်ပြင်တော်ရှိ ကျက်သရေဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်နှင့် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ချီးမြှင့်ပြီး ကဆုန်လပြည့်နေ့ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာရခြင်းအကြောင်းကို ဟောကြားတော်မူမည်ဖြစ်သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား စေတီတော် မြောက်ဘက်မုခ်ရှိ ဗောဓိပင်တန်ဆောင်းသို့ပင့်ဖိတ်၍ ဗောဓိညောင်ပင်ရေသွန်းလောင်းသည့် ပါဠိတော်များ ရွတ်ဖတ်ပူဇော်၍ ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား ပခုက္ကူမြို့နှင့်ရေစကြိုမြို့မှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လှေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဉယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပခုက္ကူမြို့ သာသနဝိပုလာရာမ (အနောက်တိုက်) မှ ဂန္ထဝါစကပဏ္ဍိတ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တမေဓာနှင့် ရေစကြိုမြို့ မအိုကျောင်းမှ ဂန္ထဝါစကပဏ္ဍိတ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသြဘာသတို့ ဦးဆောင်လျက်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် စုစုပေါင်း အပါး ၁၀၀တို့က ယနေ့ နံနက်ပိုင်းတွင် လာရောက်လှေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်ရွက်မှု ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အဦများ ဆောက်လုပ်နေမှုနှင့်အဆင့်ဆင့် တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။



ထို့နောက်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဉယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။(ဝဲပုံ)

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်ကြီးများ၏ ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုသိမ်မြို့ပေါ်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ

**ပုသိမ် မေ ၃၀**

၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်က ပုသိမ်မြို့ပေါ်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ၍ ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့၏ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြပြီး အလှူငွေများ စုပေါင်းလှူဒါန်းကြရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် မရမ်းချောင်းကျေးရွာရှိ ပုသိမ်မြို့ရေပေးဝေရေးလုပ်ငန်းခွင်သို့သွားရောက်ခဲ့ပြီး ငဝန်မြစ်အတွင်းမှ မြစ်ရေတင်ယူ၍ ရေသန့်စင်ဆောင်ရွက်နေမှုများနှင့် မြို့ရေပေးဝေနေမှု အခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး လူရည်ချွန်များက စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ တောရကျောင်းလမ်းရှိ ရွှေစာပုသိမ်ထီးလုပ်ငန်းမှ တိုင်းဒေသကြီး၏ အထိမ်းအမှတ် မြန်မာ့ရိုးရာလက်မှုပညာ ပုသိမ်ထီးလုပ်ငန်းခွင်သို့လာရောက်လေ့လာသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ခဲ့ပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာ လေ့လာနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ် တစ်ဦးချင်းစီအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်မောင်မယ်များနှင့် နေ့လယ်စာကို ရင်းရင်းနှီးနှီး အတူတကွသုံးဆောင်သည်။ ဦးစွာ လူရည်ချွန်မောင်မယ်များသည် ပုသိမ်မြို့ အမှတ်(၁) ကြိုးတံတားအနီး ပုသိမ်-ချောင်းသာကားလမ်းဘေးရှိ ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်းသို့ ရောက်ရှိ၍ ဟာလဝါပြုလုပ်ပုံအဆင့်ဆင့်နှင့် ထုပ်ပိုးမှုနေမှုလုပ်ငန်းများအား စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး ရွှေမြင်းပျံမိသားစုက လူရည်ချွန် ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



လူရည်ချွန်ကျောင်းသား ကျောင်းသူများ မြန်မာ့ရိုးရာလက်မှုပညာ ပုသိမ်ထီးလုပ်ငန်းကို လေ့လာစဉ်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် ရွှေမြင်းပုသိမ်ဟာလဝါ၊ သူဌေးမုန့်နှင့် မုန့်မျိုးစုံလုပ်ငန်းသို့ ရောက်ရှိ၍ ပုသိမ်ထီးပေါ်တွင် ရောင်စုံဆေးပန်းချီများ ရေးဆွဲကြခြင်း၊ လက်ပတ်အလှကြိုးလေးများ ကိုယ်တိုင်ပြုလုပ်ကြခြင်း၊ အမှတ်တရ ဓာတ်ပုံများချစ်ကြည်ရင်းနှီးပျော်ရွှင်စွာ ရိုက်ကူးကြပြီး ဆိုင်အတွင်းခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်များအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့နောက် ရွှေမြင်းပုသိမ်ဟာလဝါလုပ်ငန်း မိသားစုများမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

အလားတူ လူရည်ချွန်မောင်မယ်များသည် ပုသိမ်-ငွေဆောင်ကားလမ်းဘေးရှိ ငွေဆောင်အပန်းဖြေဆင်စခန်းသို့ သွားရောက်လေ့လာကြကာ ဆင်လိမ္မာများ၏ အလှပြကွက်ပြသခြင်းများကို ကြည့်ရှုအားပေးခဲ့ပြီး စိတ်ပါဝင်စားပျော်ရွှင်စွာ လေ့လာလည်ပတ်ခဲ့ကာ ဆင်အစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်-

- ❖ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေဖတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက် ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း သဲနုန်းများ တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း သဲနုန်းများ တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အတူယနေ့မွန်းလွဲပိုင်းက ရှမ်းကန်၏ အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။(**အပေါ်ယံပုံ**)

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်နှင့်အဖွဲ့သည် ကန်တော်မင်္ဂလာရှမ်းကန် ရှင်းလင်းဆောင်သို့ရောက်ရှိရာ နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅)မှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ကန်တော်မင်္ဂလာ ရှမ်းကန်အတွင်း ရေစုကန်တူးဖော်ခြင်းနှင့် ရေခေါ်မြောင်းဖောက်လုပ်ခြင်း၊ ကန်အားနေပူလှန်း၍ ခြောက်သွေ့အောင်ထားခြင်း၊ နုန်းများ တူးဖော်၍ စုပုံခြင်း၊ စုပုံထားသောမြေများကို ခြောက်သွေ့အောင် ထားခြင်းနှင့် သယ်ဆောင်စွန့်ပစ်ခြင်း စသည့်လုပ်ငန်းစဉ်များကို စက်ယန္တရားများဖြင့် ဆောင်ရွက်မည့်အခြေအနေနှင့် ကြာမြင့်မည့်အချိန်ကာလကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က သဲနုန်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က ကန်တော်မင်္ဂလာရှမ်းကန် ပြန်လည်သန့်ရှင်းသာယာလှပရေးကို ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး၊ အချိန်မီပြီးစီးရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်တာဝန်ရှိသူများက ကန်၏ အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။




အဆိုပါ ကန်တော်မင်္ဂလာရှမ်းကန်၏ အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ရေစုကန် တူးဖော်ခြင်းနှင့် ရေခေါ်မြောင်းဖောက်လုပ်ခြင်း၊ ကန်အား နေပူလှန်း၍ ခြောက်သွေ့အောင်ထားခြင်း၊ နုန်းများအားတူးဖော်၍ စုပုံခြင်း၊ စုပုံထားသော မြေများကို ခြောက်သွေ့အောင်ထားခြင်းနှင့် သယ်ဆောင်စွန့်ပစ်ခြင်း စသည့်လုပ်ငန်းစဉ်များကို စက်ယန္တ ရားများဖြင့် ဧပြီ ၂၉ ရက်မှ ဇွန် ၃ ရက်အထိ ၃၅ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကန်တော်မင်္ဂလာရှမ်းကန်ကို မြန်မာသက္ကရာဇ် ၆၆၆ ခုနှစ်ခန့်တွင် ရှမ်းကုန်သည်များက ရေလှောင်ကန်တစ်ခုအဖြစ်တူးဖော်ခဲ့ရာမှ ရှမ်းကန်ဟု ယနေ့တိုင်ခေါ်ဝေါ်ခဲ့ကြရာ နှစ်ပေါင်း ၇၂၀ ခန့်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်တွင် စက်ယန္တရားများဖြင့် ကန်အတွင်း သဲနုန်းများတူးဖော်ခဲ့ရပြီး ယခုအထိ ၃၅နှစ်ကြာမှ ဒုတိယအကြိမ်အဖြစ် စက်ယန္တရားများဖြင့် ကန်အတွင်းရှိ သဲနုန်းများ တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုဂံလူရည်ချွန်စခန်းမှ ကျောင်းသား ကျောင်းသူများ ပုပ္ပားတောင်ပရဆေးဥယျာဉ်နှင့် ရေမြေတောတောင်သဘာဝပေါက်ပင်တို့ကိုလေ့လာ



**နေပြည်တော် ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ ကျောင်းသား ကျောင်းသူများသည်ယနေ့နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်သို့လေ့လာရေးခရီးသွားရောက်ကြသည်။

လူရည်ချွန် ကျောင်းသားကျောင်းသူများကို ပုပ္ပား/ တောင်ကလပ်၌ ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ တောင်ကလပ်ဂေါပကဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံ ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြသည်။

ယင်းနောက် လူရည်ချွန် ကျောင်းသားကျောင်းသူများသည် တောင်ကလပ်သို့ တက်ရောက်ကြပြီး ဘုရားများဖူးမြော်ခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ခြင်း၊ သဘာဝရှုခင်းများ ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် သစ်တောဦးစီးဌာန ပရဆေးဥယျာဉ်ပြတိုက်သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ပရဆေးပင်များ၊ ပုပ္ပားတောင်ဥယျာဉ်အတွင်း ကျင်လည်ကျက်စားသည့် ငှက်မျိုးစိတ်များ၊ လိပ်ပြာမျိုးစိတ်များ၊ ပေါက်ရောက်သည့် သစ်ပင်အမျိုးအစားများကို လေ့လာကြရာ ပုပ္ပားတောင်ဥယျာဉ် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။(**ဝဲပုံ**)

ဆက်လက်၍ လူရည်ချွန် ကျောင်းသားကျောင်းသူများသည် Popa Mountain Resort သို့ ရောက်ရှိကြပြီး ပုပ္ပားတောင်မကြီး အလယ်မှ တောင်ကလပ်ရှုမျှော်ခင်းများကို ကြည့်ရှုကြကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ-ဒီပါလင်း**

## စလင်းမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**စလင်း ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ဧပြီ ၂၁ ရက်နေ့ ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်ကိုးခု၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ ကျေးရွာပေါင်း ၁၀၃ ရွာတို့ရှိ လူနေအိမ်ခြေ ၇၅၀ ခန့်နှင့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်း ပျက်စီးခဲ့ရာ အဆိုပါ လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၈ ရက်က ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့်မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဝင်းတို့က စုစုပေါင်း တန်ဖိုးငွေကျပ် ၄၀၈ သိန်းကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ❂ *ကျောဖုံးမှ*

မြန်မာ၊ မလေးရှား၊ အုပ်စု (ခ) တွင် အိမ်ရှင်ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၃ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၆ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၉ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်-တက်ဆုရိုယုကီ (ဂျပန်)၊ လက်ထောက်နည်းပြ- ဦးစထက်နိုင်ဝင်း၊ ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းမော်၊ ဂိုးနည်းပြ- ဦးယဉ်မင်းအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား- မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ နောက်တန်း- ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ဇွန်ယုယဦး၊ မိုးမမစိုး၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ အေးအေးမိုး၊ အလယ်တန်း-ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ ပို့ပို့ပြည့်မောင်၊ နော်ထက်ထက်ဝေ၊ လင်းမြင့်မိုရ်၊ ရှုပါခိုင်၊ မြတ်နိုးခင်၊ စန်းသော်သော်၊ ရှေ့တန်း-ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ ရွှေရည်ထွန်းတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

## ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့ကိုဆက်သွယ်သည့် မူးမြစ်ကူးတံတားဖွင့်

**ကန့်ဘလူ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ခါးတောက်ရင်းကျေးရွာအုပ်စု ကံရိုးကျေးရွာနှင့် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် မူးခွကျေးရွာအုပ်စု မူးခွကျေးရွာတို့အား ဆက်သွယ်သည့် ငြိမ်းချမ်းရွှေပြည်မူး မြစ်ကူးတံတားဖွင့်ပွဲကို ဧပြီ ၃၀ ရက်က ပြုလုပ်ရာ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးရွှေအောင်က အမှာစကားပြောကြားပြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာအုပ်စု မော်တော်ကျေးရွာ သာသနာ့အလင်းရောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါသဝ (ငါးရာ့ငါးဆယ်ဆရာတော်)က ကျေးဇူးတင်စကား မိန့်ကြားသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မော်တော်ဆရာတော် ဘဒ္ဒန္တဝါသဝနှင့် တာဝန်ရှိသူများက ငြိမ်းချမ်းရွှေပြည်မူးမြစ်ကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားမှာ သစ်သားတံတားဖြစ်ကာ တံတားအရှည်ပေ ၆၁၀၊ ကန့်ဘလူမြို့နယ် ကံရိုးကျေးရွာဘက်မှ ချဉ်းကပ်လမ်း ပေ ၁၁၅၀၊ မူးခွကျေးရွာဘက်ခြမ်းမှ ချဉ်းကပ်လမ်း ပေ ၂၀၀ ရှိပြီး တံတား အကျယ် ၁၁ ပေ၊ ခံနိုင်ဝန် သုံးတန် ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျပ်သိန်း ၅၀၀ မတည်လှူဒါန်းပြီး ဒေသခံပြည်သူလူထု လှူဒါန်းငွေကျပ်သိန်း ၇၀၀ စုစုပေါင်း ကျပ်သိန်း ၁၂၀၀ ကုန်ကျ၍ ယခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပန္နက်တင် စတင်ဆောက်လုပ်ခဲ့ရာ ဧပြီ ၂၈ ရက်တွင်ပြီးစီးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရှေးဟောင်းစေတီတော်မြတ်ရှစ်ဆူ၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အထွတ်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားသို့တက်ရောက်



**ငါးသိုင်းချောင်း မေ ၃၀**

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ကက္ကူကြီးကျေးရွာအုပ်စု ကက္ကူကြီးကျေးရွာရှိမဟာဇိနဓမ္မရာဇကရှေးဟောင်းစေတီတော်မြတ်ရှစ်ဆူ၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အထွတ် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း (ယာပုံ) နှင့် ဘုရားအလှူရှင်များဖြစ်ကြသည့် ဦးအေးချို + ဒေါ်ကြည်ကြည်မြင့် "ရွှေတိုက်ဝန် သီဟသူကုမ္ပဏီ" မိသားစုများက စိန်ဖူးတော်အထွတ်နှင့် ငှက်မြတ်နားတော်တို့အား မိတ္ထီလာဆရာတော်ကြီးထံသို့ ကပ်လှူခဲ့ကြပြီး တာဝန်ရှိသူများက စိန်ဖူးတော်အထွတ်နှင့် ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးကြိမ် လှည့်ပတ်ပူဇော်ခဲ့ကြကာ စေတီတော်ပေါ်သို့ လက်ဆင့်ကမ်းပင့်ဆောင် တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသ နှမ်းစပါးစိုက်ခင်းများ မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေး



**ကျောက်ပန်းတောင်း မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးလွင်၊ တာဝန်ရှိသူများ နှင့်အတူ ကျောက်ပန်းတောင်း မြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသဖြစ်သည့် ကိုင်းကျေးရွာအုပ်စု နှမ်းစပါးစိုက်ကွင်းသို့ သွားရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ကြက်မောက်တောင် ဆည်ရေသောက်ဒေသ နှမ်းသီးနှံစိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က မြို့နယ်အတွင်း ရာသီအလိုက် ဆီထွက်သီးနှံနှင့် ဝမ်းစာစပါး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုအခြေအနေများ၊ လက်ရှိ နှမ်းစပါး စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်ကိုင်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာမှ ဦးလင်းလင်းအောင်နှင့် တောင်သူများ စိုက်ပျိုးထားသည့် တစ်ဆက်တစ်စပ်တည်း ၂၂ ဧကရှိ နှမ်းစပါးစိုက်ခင်း မြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သိရသည်။ (ဝဲပုံ)

နေအောင်(ပြန်/ဆက်)

# ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်းလူငယ်စခန်းတို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများကို ဂုဏ်ပြုညစာ စားပွဲဖြင့်ဧည့်ခံ

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်းလူငယ်စခန်းတို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများ၏ သင်တန်းကာလအတွင်း ဂုဏ်ပြုညစာ စားပွဲကို မေ ၂၉ ရက် ညပိုင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား ရေကြောင်းလူငယ်သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် သင်တန်းအလိုက် သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့်အတူ ဂုဏ်ပြုညစာ အတူတကွသုံးဆောင်ကြသည်။ ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ခန်ကုန်းကျေးရွာမှ မီးဘေးသင့် အိမ်ထောင်စုများအတွက် ယာယီနေအိမ် ၃၁ လုံး အခမဲ့ဆောက်လုပ်ပေး

**မင်းဘူး မေ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ ခန်ကုန်းကျေးရွာမှ မီးဘေးသင့် အိမ်ထောင်စုများအတွက် ယာယီနေအိမ် ၃၁ လုံးကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက မေ ၁၇ ရက်ကစ၍ အခမဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

မီးဘေးသင့် အိမ်ထောင်စုများအတွက် ယာယီနေအိမ်များ ဆောက်လုပ်ပေးနေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး(အပေါ်ပုံ) ရှင်းလင်းဆောင်၍ မီးဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံစဉ် ဒေသခံပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

ခန်ကုန်းကျေးရွာ၌ မေ ၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၃၄ စုမှ အိမ်ခြေ ၃၂ လုံးလူဦးရေ ၁၄၈ ဦး မီးဘေးသင့်ခဲ့ရကြောင်း၊ အဆိုပါ မီးဘေးသင့် အိမ်ထောင်စုများအတွက် အိမ်ဆောက်စရိတ်နှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ၊ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့များ၊ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များအပြင် အခြားလိုအပ်သော ပံ့ပိုးကူညီမှုများကို သက်ဆိုင်ရာဌာနများက လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**

# မြေအုတ်တို့ပြိုရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်

ဦးရွှေဦး

*(ယမန်နေ့မှအဆက်)*

**အလှူငွေနှင့် ပစ္စည်းများ**

မုန်တိုင်းဝင်ရောက်ပြီး ရက်ပိုင်းအတွင်းမှစ၍ လေဘေးသင့် ညီအစ်ကိုမောင်နှမသွေးချင်းများအား ပြည်ထောင်စုတစ်ဝန်းရှိ စေတနာရှင်ပြည်သူများက မိမိတို့၏ကိုယ်ပိုင် အသိစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အုန်းအုန်းကျွက်ကျွက် သဒ္ဓါတရားရှိရှိ ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ စသည့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း နာဂစ်လေဘေးသင့်ပြည်သူများအတွက် ငွေကြေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့ထောက်ပံ့ခဲ့ကြသည်။

အလှူငွေများ လက်ခံရရှိမှုအနေဖြင့် မြန်မာကျပ်ငွေ ၈၂၀၄၇ ဒသမ ၇၈ သိန်း၊ အမေရိကန်ဒေါ်လာ ၆၁၉၃၂၉၇ ဒသမ ၅၊ ယူရို ၁၉၁၉၂၁၇၊ စင်ကာပူဒေါ်လာ ၂၆၆၆၆၁ ဒသမ ၇၅၊ ဘတ် ၅၆၆၀၇၇၅ တို့ဖြစ်သည်။

ပစ္စည်းများ လက်ခံရရှိမှုအနေဖြင့် ပြည်တွင်းမှ စားသောက်ကုန် ၁၆၉၉ ဒသမ ၃၂ တန်၊ ကုန်မာ ၁၀၈၅ ဒသမ ၉၅ တန်၊ လူသုံးကုန် ၁၃၅၄ ဒသမ ၃၂ တန်၊ ဆေးဝါး ၂၃ ဒသမ ၉၁ တန်၊ ပြည်ပမှ စားသောက်ကုန် ၁၄၄၅ ဒသမ ၂၇ တန်၊ ကုန်မာ ၉၈၇ ဒသမ ၂၉ တန်၊ လူသုံးကုန် ၁၁၂၁ ဒသမ ၅၃ တန်၊ ဆေးဝါး ၃၄၉ ဒသမ ၁၂ တန် စုစုပေါင်း စားသောက်ကုန် ၃၁၄၄ ဒသမ ၅၉ တန်၊ ကုန်မာ ၂၀၇၃ ဒသမ ၂၄ တန်၊ လူသုံးကုန် ၂၄၇၈ ဒသမ ၈၅ တန်၊ ဆေးဝါး ၃၇၃ ဒသမ ၀၃ တန်တို့ဖြစ်သည်။ ၁၆-၇-၂၀၀၈ ရက်နေ့အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်းလုံးငှားလေယာဉ် ၅၅၅ စင်း၊ ခရီးသည်လေယာဉ် ၂၀၂ ခေါက်ဖြင့် ပြည်ပမှ ကယ်ဆယ်ရေးပစ္စည်း ၁၀၇၁၉ ဒသမ ၁၈ တန် ရောက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ကယ်ဆယ်ရေးပစ္စည်းအများစုမှာ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများထံ ဦးတည်ပေးပို့လျက်ရှိသည်။ လေဘေးသင့်ပြည်သူများအတွက် ဆန်ထောက်ပံ့မှုအနေဖြင့် နိုင်ငံတော်အရန်ဆန်မှ ၁၂၃၆၈၆ အိတ်၊ ကုမ္ပဏီလုပ်ငန်းများနှင့် ရဟန်းရှင်လူပြည်သူများက ၂၃၃၁၆၈၇ အိတ်၊ World Food Programme က ၆၆၈၂၄ အိတ် အသီးသီးထောက်ပံ့ခဲ့သည်။ စုစုပေါင်းအားဖြင့် လေဘေးသင့်ပြည်သူများအတွက် ဆန်တန်ချိန် ၂၁၁၈၃ တန်၊ ဆန်အိတ်ပေါင်း ၄၂၃၆၇၇ အိတ် ထောက်ပံ့နိုင်ခဲ့ပြီး ဖြစ်သည်။

အလှူငွေများကို အဖွဲ့များဖွဲ့၍ လက်ခံခြင်း၊ ဗဟိုကော်မတီကကြီးကြပ်ခြင်း၊ မြို့နယ် တာဝန်ခံဝန်ကြီးများက တာဝန်ယူဖြန့်ခွဲပေးခြင်းတို့ကြောင့် အများပြည်သူ လှူဒါန်းငွေများနှင့် နိုင်ငံတော်မှပံ့ပိုးပေးသည့် ရန်ပုံငွေများအား အဟောသိကံမဖြစ်စေဘဲ မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများလက်ဝယ်သို့ စနစ်တကျပေးအပ်နိုင်ခဲ့ခြင်းသည်လည်း မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်အင်အားစု (၃)ရပ်၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမှသာ အောင်မြင်မည်ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ** ဆောင်ရွက်နေသည့်အတွက် အောင်မြင်ဖြစ်ထွန်းမှုများရရှိနေခြင်းဖြစ်ကြောင်း၊ ဤအင်အားစု(၃) ရပ်၏ ညီညွတ်သည့်စွမ်းအားဖြင့် အခက်အခဲ အကျပ်အတည်းမှန်သမျှကို ရင်ဆိုင်ကျော်လွှားခဲ့ခြင်းဖြစ်ကြောင်း၊ နောင်၌လည်း ဤမူဝါဒခံယူချက်ဖြင့် ပင် မိမိတို့နိုင်ငံကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်း အစီအစဉ် (၃) ဆင့်ဖြင့် ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရှင်းလင်းမှာကြားခဲ့သည်။

**ပထမအဆင့်။** အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သည့် လတ်တလော စားဝတ်နေရေး၊ ဆေးဝါးကုသစောင့်ရှောက်ရေး၊ အမိုးအကာ အောက်ရောက်ရှိရေး။

**ဒုတိယအဆင့်။** ပြန်လည် နေရာချထားရေးနှင့် မြို့ပြ၊ ကျေးရွာများ ပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ပြုစု ထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု လမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး။

> ✳ **နာဂစ်မုန်တိုင်း၏ အပျက်အစီးအဆုံးအရှုံးကြီးမားမှုကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် ပူဆွေး သောကရောက်ခဲ့ကြရသည်။ သို့ရာတွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများမှရရှိလာခဲ့သော သင်ခန်းစာများမှာမူ အဖိုးမဖြတ်နိုင်သော အတွေ့အကြုံကောင်းများ ဖြစ်လာစေခဲ့သည်**
>
> ✳ **ပထမဆုံးရရှိခဲ့သော သင်ခန်းစာမှာ သဘာဝဘေးတစ်ခုသည် ဤမျှလောက်သော အတိုင်းအတာထိ အဖျက်စွမ်းပကားရှိနိုင်သည်ကို လက်တွေ့ကြုံတွေ့ရခြင်းဖြစ်သည်။ တစ်ဖန်ပျက်စီးဆုံးရှုံးကြီးမားရခြင်း၏ အကြောင်းတရားကို ဆန်းစစ်လိုက်သောအခါ ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားနည်းခဲ့သည့်အတွက်ဖြစ်ရကြောင်း တွေ့ရှိရမည်ဖြစ်သည်**

**တတိယအဆင့်။** နောင်ကာလများ၌ သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အရံအတား အရေးပေါ်ခိုလှုံရာ နေရာများ တည်ဆောက်ရေး၊ ပင်လယ်ကမ်းစပ် ဒေသများ၌ လေတား၊ ရေတားအုန်းပင်များ၊ ကွမ်းသီးပင်များ စိုက်ပျိုးခြင်း၊ ဒီရေတောများပြန်လည်ထူထောင်ခြင်း၊ ရေဘေးရှောင်တိမ်းကင်းလွတ်နိုင်မည့် ရေလွှတ်အသက်ကယ် ကုန်းမြင့်များ တည်ဆောက်ခြင်း၊ ပင်လယ်နှင့် နီးစပ်သော ဒေသများအတွင်း လမ်းသစ် ဖောက်လုပ်ရာ၌ လမ်းတာများကို မြှင့်တင်ခြင်း။

**မြေအုတ်တို့ပြိုရာ၌ မိမိတို့က ကျောက်အုတ်တို့ဖြင့် တည်ဆောက်သွားပြီး အခြေအနေအသစ် ဘဝသစ်ကို ဖန်တီးဖော်ဆောင် ပေးသွားရမှာဖြစ်ကြောင်း** ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များကိုလည်း ရှင်းလင်းလမ်းညွှန်ခဲ့သည်။

လမ်းများ ဖောက်လုပ်ပြုပြင်ရာ၌ လမ်းဖြစ်၊ မြောင်းဖြစ်၊ မြေယူကန်ဖြစ် စနစ်ကိုကျင့်သုံးပြီး အရေးကြုံက ခိုလှုံနိုင်သည့် ရေလွှတ်အသက်ကယ် လမ်းတာပေါင်များဖြစ်အောင် တာပေါင်များကို မြှင့်တင် လုပ်ကိုင်စေခဲ့သည်။ ထို့ပြင် မုန်တိုင်းဒဏ်ပြင်းစွာခံခဲ့ရသည့် အလယ်ပိုင်းဒေသနှင့် ဆက်စပ်နေသော ဒေသများအကြား ဆက်သွယ်ရေးလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ရန်နှင့် ရှိပြီး လမ်းဟောင်းများကိုလည်း အဆင့်မြှင့်တင်သွားရန် တာဝန်ပေးခဲ့သည်-

- မအူပင်- ရေလဲလေး- ရွှေတောင်မော်- ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၄ မိုင်
- မော်လမြိုင်ကျွန်း- လှိုင်းဘုန်း- သစ်ပုတ်- ကွင်းပေါက်- ပြင်စလူလမ်း ၅၂ မိုင်
- လပွတ္တာ- သဃ်န်းကြီး- ပြင်စလူလမ်း ၃၅ မိုင်
- ဘိုကလေး- ကြိမ်ချောင်း- ကဒုံကနိလမ်း ၃၉ မိုင်
- လပွတ္တာ- သုံးခွ- အုတ်တွင်း- ထိပ်စွန်းလမ်း ၃၇ မိုင် တို့ဖြစ်သည်။

လမ်းများ ဖောက်လုပ်ပြုပြင်ရာ၌ လမ်းဖြစ်၊ မြောင်းဖြစ်၊ မြေယူကန်ဖြစ်စနစ်ကို ကျင့်သုံးပြီး အရေးကြုံက ခိုလှုံနိုင်သည့် ရေလွှတ်အသက်ကယ် လမ်းတာပေါင်များဖြစ်အောင် တာပေါင်များကို မြှင့်တင်လုပ်ကိုင်ရန် လမ်းဘေးဝဲယာတစ်လျှောက် သက်စောင့်သက်ကယ် အမှီအတွယ်သစ်ပင်များကို စိုက်ပျိုးရန်ထပ်မံမှာကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲသည် ဧရာဝတီတိုင်း တောင်ပိုင်းဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ရန်အတွက် ဖျာပုံခရိုင်ဆေးရုံကို ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးအဖြစ်လည်းကောင်း၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်ဆေးရုံများကို ခုတင် (၁၀၀) ဆံ့ ဆေးရုံများအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်စီစဉ်ခဲ့သည်။ ကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံရာ၌ နွေးထွေးစွာ မေးမြန်းနှုတ်ဆက် နှစ်သိမ့်အားပေးခဲ့သည်။

ယခုအခါ လေဘေးသင့်ဒေသများ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးသည် မော်တော်ကားလမ်း၊ ရေကြောင်းလမ်း လမ်းနှစ်သွယ်ဖြင့် လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ပြီး စိုက်ပျိုးရေးဒေသထွက်ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်မှုလွယ်ကူမြန်ဆန်လာသောကြောင့် ဒေသတည်ငြိမ်ဖွံ့ဖြိုးကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

**သုံးသပ်ချက်**

၂၀၀၈ ခုနှစ် မေ ၂၊ ၃ ရက်များတွင် မြန်မာနိုင်ငံကမ်းရိုးတန်းရှိ ဧရာဝတီတိုင်းမှအစပြုပြီး ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံ၏သမိုင်းတွင် အပျက်အစီး၊ အသေအပျောက်အများဆုံးသော မုန်တိုင်းအဖြစ်သာမက မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော သဘာဝဘေးများတွင် သမိုင်းတွင်စေခဲ့သော သဘာဝဘေးတစ်ခုဖြစ်ခဲ့သည်။ နာဂစ်မုန်တိုင်း၏ အပျက်အစီး အဆုံးအရှုံးကြီးမားမှုကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် ပူဆွေးသောကရောက်ခဲ့ကြရသည်။ သို့ရာတွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများမှရရှိလာခဲ့သော သင်ခန်းစာများမှာမူ အဖိုးမဖြတ်နိုင်သော အတွေ့အကြုံကောင်းများ ဖြစ်လာစေခဲ့သည်။

ပထမဆုံးရရှိခဲ့သော သင်ခန်းစာမှာ သဘာဝဘေးတစ်ခုသည် ဤမျှလောက်သော အတိုင်းအတာထိ အဖျက်စွမ်းပကားရှိနိုင်သည်ကို လက်တွေ့ကြုံတွေ့ရခြင်းဖြစ်သည်။ တစ်ဖန် ပျက်စီးဆုံးရှုံးကြီးမားရခြင်း၏အကြောင်းတရားကို ဆန်းစစ်လိုက်သောအခါ ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားနည်းခဲ့သည့်အတွက်ဖြစ်ရကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိုသို့ပြင်ဆင်မှုအပိုင်း၌ အားနည်းရခြင်းမှာ အဓိကအကြောင်းရင်း နှစ်ရပ်ရှိသည်။ ယင်းတို့မှာ ကြိုတင်သတိပေးချက်အပေါ် မယုံကြည်ခြင်းနှင့် အမှန်တကယ် အရေးယူဆောင်ရွက်ရမည့်အချိန်တွင်လည်း မည်သို့ဆောင်ရွက်ရမည်ကို မသိရှိကြခြင်းဖြစ်သည်။

အထူးအရေးကြီးသော အချက်များမှာ နာဂစ်မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့ရသော ပျက်စီးဆုံးရှုံးမှုအတိုင်းအတာသည် အဘယ်ကြောင့်ဖြစ်ရသည်ကို စိစစ်ကြည့်ပါက သဘာဝဘေးနှင့် ပတ်သက်သော အရေးပါသောအချက်များကို တွေ့မြင်နိုင်သည်။ အဆိုပါအချက်မှာ ဘေးအန္တရာယ် ကျရောက်နိုင်မှုအခြေအနေ (Vulnerable) ဆိုသောအချက်ပင်ဖြစ်သည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် မြေနိမ့်ဒေသဖြစ်ခြင်း၊ လူဦးရေထူထပ်သိပ်သည်းခြင်း၊ သက်ကယ်ကုန်းမြေမြင့်နှင့် မုန်တိုင်းခိုအဆောက်အအုံမရှိခြင်း၊ ယခင်ကကြုံတွေ့ခဲ့ဖူးသော အတွေ့အကြုံနှင့် သဘာဝဘေး အသိမရှိခြင်း၊ အလွယ်တကူရွှေ့ပြောင်းနိုင်သော လမ်းကြောင်းများမရှိခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၏ ရှုပ်ထွေးသော အောက်ခံမြေပြင်၊ ဒီရေနှင့် လေပြင်းခြင်းကြောင့် ဖြစ်လာသောရေလှိုင်းတို့ကြောင့် ရှုပ်ထွေးသော အပြန်အလှန် သက်ရောက်မှုရှိနေခြင်းနှင့် ဒီရေတောများ၊ လမုတောများပြုန်းတီးခြင်း စသည့်အချက်များကို တွေ့ရမည်ဖြစ်သည်။

မုန်တိုင်းများသည် သဘာဝအားဖြင့် ပုံမှန်ဖြစ်ပေါ်နေမည်သာဖြစ်ပေသည်။ ယင်းတို့ကို တားဆီးရန်လည်းကောင်း၊ ဖျက်ဆီးရန်လည်းကောင်း ပြုလုပ်၍မရနိုင်ပါ။ အရေးကြီးဆုံးမှာ ထိရောက်သော စီမံခန့်ခွဲမှုကောင်းများဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အဆိုပါ သဘာဝဘေးများနှင့် မည်သို့အဆင်ပြေအောင်နေကြရမည်ကိုသာ ကြိုးပမ်းဆောင်ရွက်ရမည်သာဖြစ်သည်။ နာဂစ်မုန်တိုင်းပြီးနောက် မြန်မာပြည်ရှိပြည်သူများအားလုံး (အထူးသဖြင့် မုန်တိုင်းသင့်ဒေသမှပြည်သူများ)သည် သဘာဝဘေးအန္တရာယ်အသိပညာဗဟုသုတများ ထိုက်သင့်စွာရရှိခဲ့ပြီး နိုးကြားမှု၊ သတိရှိမှု ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လာကြပြီဖြစ်သည်။ သရုပ်ပြလေ့ကျင့်မှုများ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်သည်။

*စာမျက်နှာ ၁၁ သို့*

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း

ဦးကျော်ကျော်(တရားရေး)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၂၃)အရ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အာဏာတည်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ အခွင့်အရေးချိုးဖောက်မှုများကို စစ်ဆေးစီရင်ရန် သက်ဆိုင်ရတရားရုံးများသို့ မူပိုင်ခွင့်တရားရုံးများ၏ ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု စီရင်ပိုင်ခွင့်အာဏာများနှင့် အယူခံမှု၊ ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၄-၃-၂၀၂၃ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာများထုတ်ပြန်၍ အပ်နှင်းခဲ့ပြီးဖြစ်သည်။**

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဂ)နှင့် (င)တို့အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား (က)ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၆ အရ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ၊ (ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၇၂ အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့် အပေါ်လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃၅/၂၀၂၃ ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဂ)အရ (က)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံး၊ (ခ)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ (ဂ) ခရိုင်တရားရုံးများအား ယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃၆/၂၀၂၃ ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဃ)အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့ စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ခရိုင်တရားရုံးများက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃၇/၂၀၂၃ ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဂ) အရ ကျောက်တံတားခရိုင်တရားရုံးအား (က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့် အခွင့်အရေးချိုးဖောက်ခြင်းနှင့် စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊ (ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၇(က)အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမ မူလမှု စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃၈/၂၀၂၃ ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဃ) အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များ အပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃၉/၂၀၂၃ ဖြင့်လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့ပြီး ဖြစ်သည်။

အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသော အခွင့်အရေးရှိသူသည် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ သက်သာခွင့်တောင်းဆိုနိုင်သည်။ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၃၈(က)(၂)၊ ပုဒ်မ ၇၇(ခ)) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေအရသာ အရေးယူရမည်။ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၉၄(ခ))

**ရာဇဝတ်ကြောင်းစွဲဆိုခြင်း**

အမှတ်တံဆိပ်မူပိုင်ခွင့် ထိပါးချိုးဖောက်ခံရမှုနှင့် စပ်လျဉ်း၍ အခွင့်အရေးရရှိသူသည် ရာဇဝတ်ကြောင်းအရ

(၁) အမှတ်တံဆိပ်အတုပြုလုပ်ခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၈၇(က)(၁))

(၂) အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင်အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အသုံးချခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၇(က)(၂))

(၃) အမှတ်တံဆိပ်အတုပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင်အသုံးချရန်ဖြစ်စေ အဓိကအသုံးပြုသော မည်သည့် ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာကိုမဆို လက်ဝယ်ထားခြင်း(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၇(က)(၃))

(၄) အမှတ်တံဆိပ်အတုကိုအသုံးပြုထားသည့် ကုန်ပစ္စည်းကို ရောင်းဝယ်ဖောက်ကားဖြန့်ဝေခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကား ဖြန့်ဝေရန် လက်ဝယ်ထားခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၈၇(ခ)(၁))၊

(၅) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား နိုင်ငံတော်သို့တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်မှတင်ပို့ခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၇(ခ)(၂))

(၆) နိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အထူးအကာအကွယ်ပေးထားသော အလံ သို့မဟုတ် သင်္ကေတအမှတ်အသားကို စီးပွားရေးအလို့ငှာ အသုံး ပြုခြင်း(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၉)

(၇) မှတ်ပုံတင်အမှတ်တံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဍာန်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း တစ်ခုခုပြုလုပ်ခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၀)

> **❑ တရားမမှုတွင် တရားပြိုင်သည် တရားလို၏ ကုန်အမှတ်တံဆိပ်သည် ပျက်ပြယ်ကြောင်း ခုခံချေပနိုင်သော်လည်း ထိုကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားခြင်းသည် တရားမဝင်ကြောင်းကြေညာပေးရန် သို့မဟုတ် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် မူပိုင်ခွင့်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခြင်း မပြုနိုင်ပေ။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အခန်း(၁၅)နှင့် (၁၉)ပါ ပြဋ္ဌာန်းချက်များအရသာ ဆောင်ရွက်ရမည်ဖြစ်သည်**

(၈) အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ကို မမှန်မကန် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၉၁(က))

(၉) အမှတ်တံဆိပ် မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘော ဖြင့် မမှန်မကန် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၁(ခ))

(၁၀) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုဖြစ်စေ၊ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ၊ တိုင်းရင်းသားများ၏ အမွန်အမြတ်ထားအပ်သော ရိုးရာဓလေ့ကိုဖြစ်စေ ငြိစွန်းသဖြင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်သည့် သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် အမှတ်တံဆိပ်ကို အသုံးပြုခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၁(ဂ)) ဟူသည့် ပြစ်မှုများ စွဲဆိုနိုင်သည်။

**အမှတ်တံဆိပ်မူပိုင်ခွင့် ထိပါးချိုးဖောက်ခံရမှုနှင့် စပ်လျဉ်း၍ အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ သက်သာခွင့်များ**

အမှတ်တံဆိပ် ချိုးဖောက်ခံရမှုနှင့်စပ်လျဉ်း၍ အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ **(၁)**အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများကို နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၁(က)(၁))၊ **(၂)**အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုအတွက် တားဝရမ်းတောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၁(က)(၁))၊ **(၃)**နစ်နာကြေးတောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၈၁(က)(၂)(ကက))၊ **(၄)**အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းဈေးကွက်မှ ဖယ်ရှားပေးရန် သို့မဟုတ် ဖျက်ဆီးပေးရန် တောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၈၁(က)(၃))၊ **(၅)** အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်း ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားပေးရန် သို့မဟုတ် ဖျက်ဆီးပေးရန် တောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၁(က)(၄)) စသည့် သက်သာခွင့်များကို တောင်းဆိုနိုင်သည်။

ထို့ပြင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခံရရန် အလားအလာရှိပါက ယာယီအရေးယူ ဆောင်ရွက်ချက် (Provisional Measures) အဖြစ် **(၁)** အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန် တောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၉(က)(၁))၊ **(၂)**ယင်းသို့ ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ပေးရန် တောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၉(က)(၁))၊ **(၃)**အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် တောင်းဆိုခြင်း (ကုန်အမှတ်တံဆိပ်မူပိုင် ခွင့်ဥပဒေပုဒ်မ ၇၉(က)(၂)) တို့ကိုလည်း လျှောက်ထားနိုင်သည်။

တရားမမှုတွင် တရားပြိုင်သည် တရားလို၏ ကုန်အမှတ်တံဆိပ်သည် ပျက်ပြယ်ကြောင်း ခုခံချေပနိုင်သော်လည်း ထိုကုန်အမှတ်တံဆိပ်မှတ်ပုံတင်ထားခြင်းသည် တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် မူပိုင်ခွင့်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခြင်း မပြုနိုင်ပေ။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အခန်း(၁၅)နှင့် (၁၉)ပါ ပြဋ္ဌာန်းချက်များအရသာ ဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ထားခြင်းသည် တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဦးစွာမူပိုင်ခွင့်ဦးစီးဌာနတွင် စစ်ဆေးမှုပြုလုပ်ရန်လိုအပ်သည်။ ယင်းနောက် မှတ်ပုံတင်အရာရှိက ဥပဒေပုဒ်မ ၅၀ အရ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာခြင်း သို့မဟုတ် ဥပဒေပုဒ်မ ၅၁ အရ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းပြုမည် မပြုမည်ကို ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ဥပဒေပုဒ်မ ၆၅ အရ အေဂျင်စီထံသို့ အယူခံဝင်နိုင်သည်။ အေဂျင်စီ၏ ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိပါက ဥပဒေပုဒ်မ ၆၆ အရ တရားစီရင်ရေး ဆိုင်ရာ ပြန်လည်သုံးသပ်မှုပြုရန် အာဏာအပ်နှင်းထားသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

ယာယီအရေးယူဆောင်ရွက်ချက်ဆိုသည်မှာ အမှုတစ်ခု၏ စီရင်ချက်ကို စောင့်ဆိုင်းနေလျှင် အခွင့်အရေးရရှိသူ၏ သက်သာခွင့်ကို ကုစားပေးရန် အခက်အခဲဖြစ်သွားနိုင်သော အခြေအနေမျိုးတွင် စီရင်ချက် မချမှတ်မီပေးအပ်သော ယာယီအရေးယူ ဆောင်ရွက်သည့် သက်သာခွင့်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၇ (က)တွင် ပြဋ္ဌာန်းထားသော ယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်သည် TRIPS Agreement တွင် အသုံးပြုလျက်ရှိသော ယာယီအရေးယူ ဆောင်ရွက်ချက်များ (Provisional Measures) ဖြစ်သည်။ တရားမ ကျင့်ထုံးဥပဒေနှင့် သီးခြားသက်သာခွင့် ဥပဒေများအရ ဆောင်ရွက်သော

*စာမျက်နှာ ၁၁ သို့*

# မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၉ ရက်က မြောက်ဒဂုံ စက်မှုဇုန်အတွင်းရှိ ဦးဝိဇာရလမ်းသွယ်များ သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် လဂွန်းပြင် ရေသန့်စင်စက်ရုံသို့ရောက်ရှိပြီး ရေလေလွင့်ဆုံးရှုံးမှုလျှော့ချရေး ဆက်လက်ဆောင်ရွက်ရန်၊ အသုံးမလိုသည့်ရေကို မည်သည့်နေရာသို့ ထပ်မံဖြန့်ဖြူးမည်ကို စီမံထားရန်နှင့် ရေလိုအပ်ချက်အတွက် ကုက္ကိုဝမြစ်၊ တိုးမြစ်၊ ပန်းလှိုင်မြစ်များမှ ရေပေးဝေနိုင်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် SCADA (Supervisory Control and Data Acquisition) Control Room မှ မြို့နယ်များသို့ ရေပေးဝေမှုကို ထိန်းချုပ်ဆောင်ရွက်နေမှုနှင့် ရေပေးဝေရေးဇုန် (၇) နှင့် (၈)များသို့ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်သည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့အငှားအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီမံကိန်းရှင်းလင်းဆောင်၍ စီမံကိန်းဆောင်ရွက်နေသည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်တို့မှ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်တင်ပြပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လားရှိုးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည်

**လားရှိုး ဧပြီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့် ကျေးရွာ ၁၀ ရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

လားရှိုးခရိုင်အတွင်း လားရှိုးမြို့နယ်အတွင်းရှိ လုံကျစ်ကျေးရွာ၊ ကောင်းခါးကျေးရွာ၊ ခါးလျှိုအောက်ကျေးရွာ၊ ကောင်းရုံး+မိုင်းပါးကျေးရွာ၊ သိန္နီမြို့နယ်အတွင်းရှိ နမ့်အွန်ကျေးရွာ၊ ကုန်းဆာ(မန်ပန်)ကျေးရွာ၊ မန်ပုတ်ကျေးရွာနှင့် ကွမ်းလုံမြို့နယ်အတွင်းရှိ ၃၉ မိုင်ကျေးရွာ၊ ကောင်းဝိုင်ကျေးရွာ၊ မြင်စီပါးကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းရှစ်ခု၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း နှစ်ခုနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

*စာမျက်နှာ ၉ မှ*

လူထုပူးပေါင်းပါဝင်သော ဘေးဒုက္ခကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအနေဖြင့် ဘေးဒုက္ခကြိုတင်ကာကွယ်ရေးအတွက် လူထု၏ အသိအမြင်ဗဟုသုတသည် လွန်စွာအရေးပါသည်ကို တွေ့ရှိရသည်။ ဘေးသင့်ရာဒေသသည် မြေနိမ့်မြစ်ဝှမ်းဒေသဖြစ်လျှင် ဘေးကင်းရာသို့ ရှောင်တိမ်းရန်လိုသည်။ လူနေထူထပ်သိပ်သည်းခြင်း၊ ရေဝင်ပေါက်များပြားခြင်းတို့ကြောင့် မုန်တိုင်းနှင့် မုန်တိုင်းဒီရေတို့ကို အတားအဆီးမရှိ တွေ့ကြုံခံစားရမည်ဆိုလျှင် ဘေးလွတ်ရာဒေသသို့ ထွက်ခွာရှောင်တိမ်းရန်လိုသည်။ ထိုသို့ ရှောင်တိမ်းရန် သတင်းအချက်အလက် တိကျမှု၊ လူထုအကြားပျံ့နှံ့အောင်နှိုးဆော်မှု၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကောင်းစွာလေ့ကျင့်ထားသော ဘေးဒုက္ခဆိုင်ရာစီမံခန့်ခွဲရေး၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ လူအမြောက်အမြား ရွှေးထုတ်ရန်ကိစ္စသည် အလွန်ခက်ခဲရှုပ်ထွေးသည်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သယ်ယူပို့ဆောင်ရေးယာဉ်များ လုံလောက်မှု၊ ပြည်သူလူထုလိုက်ပါဆောင်ရွက်မှု၊ အနီးကပ်စီမံခန့်ခွဲသည့် ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဝန်ထမ်းများ၏ အရည်အချင်းပြည့်ဝမှုတို့အပေါ် မူတည်သည်။

ပြည်သူလူထုက မိမိနေထိုင်ရာဒေသသည် ဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကောင်းစွာသဘောပေါက်ရန် ရှင်းရှင်းလင်းလင်း ပညာပေးဟောပြောရန် လိုအပ်သည်။ အထူးသဖြင့် ယင်းဒေသများရှိ စာသင်ကျောင်းများမှတစ်ဆင့် ကျောင်းသားလူငယ်များကို ကောင်းစွာအသိပညာပေးဟောပြောသွန်သင်ထားသင့်သည်။ ဒေသတွင်း ဘေးဒုက္ခအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများကို ဒေသတွင်းရှိ လူ၊ ပစ္စည်းအရင်းအမြစ်များဖြင့် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို စီမံထားရှိသင့်သည်။ ဒေသတွင်းခိုလှုံရာ သဘာဝကုန်းမြင့်များ၊ လူလုပ်ကုန်းမြင့်များ၊ မုန်တိုင်းနှင့် မုန်တိုင်းဒီရေကို ခံနိုင်သည့် ခိုလှုံရာ ကွန်ကရစ်အဆောက်အအုံမြင့်များ၊ ယင်းခိုလှုံရာနေရာတွင် ရေ၊ အစားအသောက်၊ ဆေးဝါးများ ကြိုတင်စုဆောင်းထားခြင်းများစသည်ဖြင့် မြားမြောင်လှသော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ကယ်ဆယ်တုံ့ပြန်ရေးအတွက် ပြည်သူလူထုကို အခြေခံသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ စနစ်တကျလေ့ကျင့် သင်ကြားပေးခြင်းတို့ဖြင့် သဘာဝဘေးအန္တရာယ်ကို ဒေသအလိုက် ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းတို့တွင် တစ်ဦးချင်း၊ မိသားစုအလိုက် အလုပ်အကိုင် အမျိုးအစား၊ နေရာဒေသအလိုက် ကာကွယ်တုံ့ပြန်ဆောင်ရွက်မှုများ ပါဝင်မည်ဖြစ်သည်။ သို့မှသာ သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းအပိုင်း ( Disaster Preparedness ) နှင့် ဘေးအန္တရာယ် ကျရောက်ပါက တုံ့ပြန်အရေးယူဆောင်ရွက်ခြင်း (Disaster Response) တို့ကို လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သဘာဝဘေး အန္တရာယ်ကာကွယ်ရေး စီမံချက်များကို နိုင်ငံတော်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ရေးဆွဲထားရန် လိုအပ်သည်။ ယင်းစီမံချက်များကို အောက်ခြေအဆင့်အထိ အသိပညာပေးခြင်း၊ လေ့ကျင့်သရုပ်ပြထားခြင်းဖြင့် ယင်းစီမံချက်များကို ဘေးအန္တရာယ် ကျရောက်သည့်အချိန်တွင် အလွယ်တကူ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

နာဂစ်မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့ရသော ပျက်စီးဆုံးရှုံးမှုများမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြေနိမ့်ဒေသဖြစ်ခြင်း၊ လူဦးရေထူထပ်သိပ်သည်းခြင်း၊ အသက်ကယ်ကုန်းမြေမြင့်နှင့် မုန်တိုင်းခိုအဆောက်အအုံမရှိခြင်း၊ ခိုင်ခံ့သော အိမ်များနည်းပါးခြင်း၊ ပြည်သူလူထုသည် အတိတ်အတွေ့အကြုံနှင့် မုန်တိုင်းဆိုင်ရာသဘာဝဘေးဗဟုသုတ မရှိခြင်း၊ မြစ်ရေဝင်ပေါက်များ ပေါများလွန်းခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေပြ မြေပုံများ မရှိခြင်း၊ အလွယ်တကူ ရွှေ့ပြောင်းနိုင်သောလမ်းကြောင်းများမရှိခြင်း၊ ဒီရေတောများ၊ လမုတောများပြုန်းတီးခြင်း စသည့်အချက်များကြောင့်ဖြစ်သည်ကိုတွေ့ရှိရသည်။ အဆိုပါအချက်များအနက် အချို့အချက်များ ဆောင်ရွက်နေပြီဖြစ်သော်လည်း ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် အချက်များအား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် လျှော့ချကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် အခြားနိုင်ငံများမှ ကောင်းမွန်သော လုပ်ဆောင်မှုများကို နမူနာယူ၍ မုန်တိုင်းခိုအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဒီရေတောများ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊ ရေငန်တာတမံများ၊ ကားလမ်းများကို ခိုင်ခံ့အောင် တည်ဆောက်ခြင်း၊ အိမ်များကိုလည်းပိုမိုကောင်းမွန်ခိုင်ခံ့အောင် ပြန်လည်ဆောက်လုပ်ပေးခြင်းတို့ကို စတင်လုပ်ကိုင် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ယခင်ထက်စာလျှင် မုန်တိုင်းသဘာဝဘေးမှလျှော့ချကာကွယ်နိုင်မည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးအတွက် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်ကျရောက်နိုင်မှုအပေါ် မူတည်တွက်ချက်၍ ဘေးသင့်နိုင်သည့် ပြည်သူလူထုအတွက် လုံလောက်သောကာကွယ်စောင့်ရှောက်မှုများရရှိအောင် ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုရလျှင် နာဂစ်မုန်တိုင်း သဘာဝဘေးဆိုးကြီးသည် လူအမြောက်အမြား သေဆုံး၊ ပျောက်ဆုံးခဲ့ရသော ဘေးဒဏ်ကြီးဖြစ်သည့်အားလျော်စွာ နောင်လာနောက်သားတို့အတွက် သင်ခန်းစာကောင်းကောင်းပေးခဲ့သော ဖြစ်စဉ်ကြီးဖြစ်သည်။ ထိုဘေးအန္တရာယ်များ ကျရောက်ခဲ့သည့် ဖြစ်စဉ်ကြီးကို နေရာဒေသအလိုက် မှတ်တမ်းတင်၍ နောင်အချိန်အတွက် ကြိုတင်ပြင်ဆင်ရမည့် လက်တွေ့သင်ခန်းစာလည်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော သုံးသပ်ချက်များအရ အားနည်းချက်၊ အားသာချက်များကို မိမိတို့ဒေသအတွက် အသုံးချစေလိုပါသည်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် သမိုင်းတစ်လျှောက် မကြုံဖူးသော ပျက်စီးဆုံးရှုံးမှုများကို တွေ့ကြုံခံစားရသော်လည်း စိတ်ဓာတ်မကျဦးမညွတ်ဘဲ မြေအုတ်တို့ပြိုရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်ဆိုသော ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဖြင့် အစိုးရ၊ ပြည်သူ၊ တပ်မတော် စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

*စာမျက်နှာ ၁၀ မှ*

ယာယီတားဝရမ်းတို့သည်လည်း ယာယီအရေးယူဆောင်ရွက်ချက်များပင် ဖြစ်သည်။ (TRIPS Agreement 50)

တရားမကျင့်ထုံးဥပဒေတွင် တရားမမူလမှုကို စွဲဆိုထားခြင်းမရှိပါက တရားလိုသည် ယာယီတားဝရမ်းလျှောက်ထားခြင်း မပြုနိုင်ပါ။ သို့သော် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၉(ဃ) နှင့် ပုဒ်မ ၈၀ ပါ ပြဋ္ဌာန်းချက်များအရမူ တရားမမူလမှုစွဲဆိုခြင်း မပြုရသေးမီကပင် လျှောက်ထားသူသည် ယာယီအရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ တရားမမူလမှုမစွဲဆိုမီ ယင်းသို့ ယာယီအရေးယူဆောင်ရွက်ချက် (Provisional Measure)ကို လျှောက်ထားနိုင်သော်လည်း အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ခြင်းမရှိခဲ့လျှင် ယာယီအရေးယူ ဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူသည် တရားမမူလစွဲဆိုခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၇၊ ပုဒ်မ ၇၉၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၄၊ အမိန့် ၃၉ နှင့် TRIPS Agreement 50)

**ကုန်အမှတ်တံဆိပ် အလားတူ ဖြစ်မဖြစ် စစ်ဆေးဆုံးဖြတ်ခြင်း**

မူပိုင်ခွင့်တရားရုံးသည် (က)အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်သော အခြားသူတစ်ဦးက ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူ ခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ အခွင့်အရေးတစ်ရပ်ရပ်ကို နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု မှတ်ယူရမည်။ (ခ) ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံတင်မထားသည့် ကျော်ကြားသော အမှတ်တံဆိပ် သင်္ကေတတစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၇၈)

သို့ဖြစ်ရာ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းခံရပါက အခွင့်အရေးရရှိသူအနေဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန် စုစည်းကောက်နုတ် တင်ပြအပ်ပါသည်။ ။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ခန္တီးမြို့နယ် အင်းတော်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် အင်းတော်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ လောကမာရ်အောင်ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၂၆ ဦးကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဧပြီ ၃၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ တက်ရောက်

**တောင်ကြီး ဧပြီ ၃၀**

၂၀၂၃ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဧပြီ ၂၉ ရက် မွန်းလွဲ ၃နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် စစ်ရေးပြမှုးက ဦးဆောင်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးအား အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများနှင့်ခရိုင်များအလိုက် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ်အတွင်းရှိ ဒေသများတွင် ဘောလုံးအဆင့်အတန်းတိုးတက်မြင့်မားရေး၊ လူငယ်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ် အချင်းချင်း ချစ်ခင်စည်းလုံး ညီညွတ်မှုရရှိကာ ကျန်းမာပြီးကြံ့ခိုင်သော လူငယ်များအဖြစ် ရှမ်းပြည်နယ်၏ အားကစားကဏ္ဍတိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွက် လူငယ်မျိုးဆက်သစ်များ ပိုမိုရွေးချယ်နိုင်ပြီး ထူးချွန်အောင် စဉ်ဆက်မပြတ်လေ့ကျင့်ပြီး ပြည်နယ်ဂုဏ်၊ နိုင်ငံဂုဏ်မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အ.ထ.က(၄) ဘင်ခရာတပ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး**(အပေါ်ယာပုံ)** မိုင်းဆတ်ခရိုင်အသင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



အဆိုပါ ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်းပေါင်း ၁၅ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အုပ်စု(၄)အုပ်စုခွဲကာ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ရေကြည်မြို့နယ်၌ Grade - 9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ အသိပညာပေး

**ရေကြည် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အထက (ရေကြည်) တေဇောသီရိခန်းမ၌ ယမန်နေ့က အခြေခံပညာအလယ်တန်းအဆင့် (Grade – 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ပညာရေးမှူး ဦးကျော်နိုင်က အခြေခံပညာ အလယ်တန်းအဆင့် (Grade – 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ အသိပညာပေးဟောပြောခဲ့ရာ အခြေခံပညာ အလယ်တန်းအဆင့် (Grade – 9) ပြီးမြောက်အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများအတွက် (၁) အခြေခံပညာ အထက်တန်းအဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေး အတတ်ပညာနှင့် (၄)မွေးမြူရေး အတတ်ပညာစသည့် ပညာရေးလမ်းသွယ် (၄) မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများရှိကြောင်းကို အသိပေးပြောကြားသည်။

ရေကြည်မြို့နယ်၌ အထက၊ အထက(ခွဲ)၊ အလက ၊ အလက (ခွဲ) စုစုပေါင်း ၃၆ ကျောင်းတွင်လည်း အလားတူ ဟောပြောပွဲများ ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး (ရေကြည်)**

# ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ထိပ်သီးဆွေးနွေးပွဲအတွက် အီဂျစ်နိုင်ငံသို့ ရောက်ရှိ



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ အီဂျစ်နိုင်ငံမြို့တော်ကိုင်ရို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၂၉ ရက်က ရောက်ရှိစဉ်။

တိုကျို ဧပြီ ၃၀

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် အီဂျစ်သမ္မတ အယ်လ်စီစီနှင့် ထိပ်သီးအစည်း အဝေးဆွေးနွေးပွဲအတွက် အီဂျစ်နိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။

ဝန်ကြီးချုပ်ကီရှီဒါကို တင်ဆောင်လာသည့် အစိုးရလေယာဉ်တစ်စင်းမှာ ကိုင်ရိုမြို့သို့ ဧပြီ ၂၉ ရက်က ဆိုက်ရောက်ခဲ့သည်။ အီဂျစ်နိုင်ငံမှာ ၎င်း၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း ဝန်ကြီးချုပ် တာဝန် ထမ်းဆောင်သည့် အချိန်မှစကာ ပထမဆုံးခရီးစဉ်ဖြစ်သည်။ အဆိုပါ ခရီးစဉ်မှာ ယခုနှစ် မေလတွင် ဟီရိုရှီးမားၿမို့၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးမတိုင်မီ ရောက်ရှိလာခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ကီရှီဒါက ဆူဒန်နိုင်ငံ၌ စစ်တပ်နှင့် အရန်တပ်ဖွဲ့ကြား စစ်ရေးပဋိပက္ခကဲ့သို့သော ဒေသဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အီဂျစ်သမ္မတ အယ်လ်စီစီနှင့် အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်များသည် ဂျပန်နှင့် အီဂျစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရန် နည်းလမ်းများကို ဆွေးနွေးရန် မျှော်လင့်ခဲ့ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် ထိပ်သီး အစည်းအဝေး ပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရန် စီစဉ်ထားကြောင်း၊ ၎င်း၏ ခုနစ်ရက်ကြာ ခရီးစဉ်အတွင်း အီဂျစ်နိုင်ငံသို့ သွားရောက်ပြီးနောက် ဂါနာ၊ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဆူဒန်၌ လက်နက်ကိုင်နှစ်ဖွဲ့ကြား ပစ်ခတ်တိုက်ခိုက်မှုအဆုံးသတ်ရေးလမ်းစ မတွေ့ရသေး

ခါတွန် ဧပြီ ၃၀

ဆူဒန်နိုင်ငံ၌ လက်နက်ကိုင်နှစ်ဖွဲ့ကြား ပစ်ခတ်တိုက်ခိုက်မှု ရက်သတ္တနှစ်ပတ်ကျော်လွန်လာသော်လည်း ပဋိပက္ခ အဆုံးသတ်ရေးလမ်းစ မမြင်တွေ့ရသေးကြောင်း။ ထို့အပြင် လက်နက်ကိုင်နှစ်ဖွဲ့ကြား ဧပြီ ၂၈ ရက် ညသန်းခေါင်ယံမှစကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို နောက်ထပ်၇၂နာရီသက်တမ်းတိုးထားကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

သို့သော်လည်း မြို့တော် ခါတွန်အတွင်းနှင့် အခြားဒေသများတွင် သေနတ်ပစ်ခတ်သံများ၊ အမြောက်သံများ ဆက်လက်ကြားနေရဆဲဖြစ်ကြောင်း၊ ဧပြီ ၁၅ ရက်က စတင်ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခကြောင့် လူပေါင်း ၅၁၂ ဦး သေဆုံးပြီးဖြစ်ကြောင်း ဆူဒန်ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ လာမည့် ရက်သတ္တပတ်အတွင်း ဆူဒန်နိုင်ငံ၏ အနောက်ဘက် အိမ်နီးချင်း ချဒ်နိုင်ငံသို့ ဒုက္ခသည် ၁၀၀၀၀၀ နီးပါး ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။



ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဒုက္ခသည်များအတွက် စားနပ်ရိက္ခာပြတ်လပ်မှုဖြစ်ပေါ်နေသော ချဒ်နိုင်ငံကို အရေးပေါ်ထောက်ပံ့ကူညီပေးနိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုထားသည်။ ဆူဒန်နှင့် ပတ်ဝန်းကျင်နိုင်ငံများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# ဩစတြေးလျ၌ ရေကူးသမား နှစ်ဦး ငါးမန်းကိုက်ခံရ

ဆစ်ဒနီ ဧပြီ ၃၀

သီတင်းပတ်အကုန်တွင် ဩစတြေးလျနိုင်ငံ အနောက်ပိုင်း၌ ငါးမန်းကိုက်ခံရမှုဖြစ်ပွားခဲ့ရာ ရေကူးသမားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဘက်စဲတွန်မြို့ ယဲလင်းအက်ပ်ဒေသတွင် ငါးမန်းကိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်စက်မှုလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနက ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီတွင် ယင်းနေရာတစ်ဝိုက်၌ ရေကူးခြင်းအတွက် သတိပေးမှုထုတ်ပြန်ခဲ့သည်။ ဧပြီ ၂၉ ရက်နံနက်ပိုင်းက မည်သည့်မျိုးစိတ်မှန်းမသိရသော ငါးမန်းတစ်ကောင် အကိုက်ခံရမှုကြောင့် ရေကူးသမားတစ်ဦး အသေးစားဒဏ်ရာများရရှိခဲ့သည်ဟု အဆိုပါဌာနမှ ထုတ်ပြန်ခဲ့သည်။

ကမ်းခြေမှ ၁၅မီတာအကွာ ရေတိမ်ပိုင်းတွင် ငါးမန်း၏ တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်သည်။ ယင်းနေ့ ညနေ ၃နာရီခန့်တွင် နောက်ထပ် ရေကူးသမားတစ်ဦးကို ငါးမန်းကိုက်မှုထပ်မံဖြစ်ပွားခဲ့သည်။

ဆင်ဟွာ

# လာမည့် ဆီးဂိမ်းနှင့် အာဆီယံမသန်စွမ်းပြိုင်ပွဲအတွက် ကမ္ဘောဒီးယားက ကန်ဒေါ်လာ ၁၁၈ သန်း သုံးစွဲမည်ဟုဆို

ဖနောင်ပင် ဧပြီ ၃၀

ကမ္ဘောဒီးယားနိုင်ငံသည် လာမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် အမေရိကန်ဒေါ်လာ ၁၁၈ သန်း သုံးစွဲသွားရန် ခန့်မှန်းထားကြောင်း ထိပ်တန်းတာဝန်ရှိသူ တစ်ဦးက ဧပြီ ၂၈ ရက်တွင် ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံသည် မေ ၅ ရက်မှ ၁၇ ရက်အထိ နှစ်ပေါင်း ၆၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် ဇွန် ၃ ရက်မှ ၉ ရက်အထိ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ နှစ်နှစ်တစ်ကြိမ် ကျင်းပသော အားကစားပေါင်းစုံပြိုင်ပွဲမှသည် နိုင်ငံတကာ ခရီးသွားဧည့်သည် ၅၀၀၀၀၀ ခန့်ကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘောဒီးယားအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်းက ပြောသည်။ ထို့အပြင် ၎င်းက အားကစား ပြိုင်ပွဲများသည် အားကစားကို မြှင့်တင်ပေးရုံသာမက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားကဏ္ဍကိုပါ မြှင့်တင်ပေးရာရောက်ကြောင်း ဖြည့်စွက်ပြောသည်။

ကမ္ဘောဒီးယားဆီးဂိမ်း ကျင်းပရေးကော်မတီ၏ ထုတ်ပြန်ချက်အရ အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမားများ၊ နည်းပြများနှင့် အားကစားကိုယ်စားလှယ် ၁၁၀၀၀ ကျော် အဆိုပါ ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆင်ဟွာ




# သီရိလင်္ကာ၌ ခရိုင် ၁၂ ခုကို ရေကြီးရေလျှံမှု၊ မိုးကြိုးပစ်မှု သတိပေးချက် ထုတ်ပြန်

ကိုလံဘို ဧပြီ ၃၀

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ခရိုင်ပေါင်း ၂၅ ခုအနက် ၁၂ ခုကို ရေကြီးရေလျှံမှုသတိပေးချက်ကို မိုးလေဝသဌာနက ဧပြီ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ခရိုင်များတွင် ပွတ်တလမ်း၊ ကန်ဒီ၊ ဂမ်ပါဟာ၊ ကီဂယ်လာ၊ နူဝါရာအီလီယာ၊ ကိုလံဘို၊ ကလူတာရာ၊ ရာနာပူရာ၊ ဂယ်လီ၊ မာတာရာနှင့် ဟမ်ဘန်တိုတာတို့ ပါဝင်သည်။ ထို့အပြင် အနောက်ပိုင်း ဆာဗာရာဂါမူဝါ၊ တောင်ပိုင်း၊ အနောက်မြောက်ပြည်နယ်များနှင့် ကန်ဒီ၊ နူဝါရာအီလီယာ ခရိုင်များတွင် ၁၀၀ မီလီမီတာထက် ပိုမိုပြင်းထန်သော မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အခြားသော ခရိုင်များတွင် ၇၅ မီလီမီတာခန့် မိုးရွာသွန်းနိုင်ဖွယ်ရှိကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ခရိုင် ၁၈ ခု တွင် ပြင်းထန်သော မိုးကြိုးပစ်မှုနှင့်ပတ်သက်ပြီး သတိပေးချက်နှင့် အကြံပြုချက်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဆင်ဟွာ

# နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲအောင်ပြုလုပ်မည်ဟု အီရန်နှင့် အီရတ် ခေါင်းဆောင်များပြော

တီဟီရန် ဧပြီ ၃၀

အီရန်နှင့်အီရတ်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုကိုတိုးချဲ့သွားမည်ဟု အီရန် ခေါင်းဆောင် အလီခါမေနီက ဧပြီ ၂၉ ရက်တွင် ပြောသည်။ ပြီးခဲ့သည့် ကာလတုန်းက လက်မှတ်ရေးထိုးထားခဲ့သည့် သဘောတူညီမှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု နှစ်ဖက်စလုံးမှ ပြောကြားခဲ့ကြောင်း အိုင်အာအင်နအေ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ အီရန်နိုင်ငံသို့ အလည်ရောက်ရှိနေသည့် အီရတ်သမ္မတ အဗ္ဗဒူလက်တစ်ဖ်ရာရှစ်နှင့် တွေ့ဆုံစဉ် ၎င်းက ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ တိုးတက်မှုနှင့် ကြွယ်ဝမှုမှာ အီရန်နိုင်ငံအတွက်လည်း အရေးကြီးကြောင်း၊ အီရန်သည် အီရတ်နိုင်ငံနှင့်အတူ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပြီး နောက်ထပ်တိုးတက်မှုများအတွက်လည်း ဆုမွန်ကောင်းတောင်းပေးကြောင်း အီရန်ခေါင်းဆောင် အလီခါမေနီက ပြောသည်။

အီရတ်နှင့်အီရန်နိုင်ငံတို့ကြားဆက်ဆံရေးမှာ ဆက်လက်ခိုင်မာလျက်ရှိပြီး အမျိုးမျိုးသော ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိသည်ဟု အီရတ်သမ္မတ က ပြောသည်။ အီရန်နှင့် အီရတ်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ မဟာဗျူဟာမြောက်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ တန်ဖိုးရှိနှစ်စဉ် ကုန်သွယ်မှုကိုလည်း ထပ်တိုးနိုင်အောင် ဆောင်ရွက်သွားမည်ဟု အီရန်သမ္မတ အီဘရာဟင်ရိုင်စီ က ပြောသည်။ မူယစ်ဆေးကုန်သွယ်မှုတိုက်ဖျက်ရာတွင်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အီရတ်သမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ကိုးဦးသေဆုံး

နယူးဒေလီ ဧပြီ ၃၀

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ် လူဒီယားနားမြို့ စက်ရုံတစ်ရုံ၌ အဆိပ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ပြီး လူ ၁၀ဦး နာမကျန်းဖြစ်ကာ ကိုးဦးသေဆုံးခဲ့သည်ဟု ဒေသခံရဲ တစ်ဦးက ဧပြီ ၃၀ ရက်တွင် ပြောသည်။

ဆာ့နီဝဲလ်ဒေသ ရှာပါချော့ခ်အနီး ဆူအာလမ်းတွင်ရှိသည့် စက်ရုံ၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယခုအခါအဆိုပါနေရာတစ်ဝိုက်ကို ပိတ်ဆို့ထားပြီး အဆိုပါ နေရာအနီးတစ်ဝိုက်မှ ပြည်သူများကို အမျိုးသား သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့မှ ကယ်တင်မှုများ ပြုလုပ်ခဲ့ပြီး ကိုးဦးမှာမူ သေဆုံးခဲ့သည်ဟု သိရသည်။

ဆင်ဟွာ




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Verbs (ကြိယာ) အကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Helping Verbs (အကူကြိယာ) တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ Helping Verbs (အကူကြိယာ) သုံးမျိုးရှိတဲ့အနက် အခုတစ်ခါဖော်ပြပေးမှာကတော့ Verb To Do အကြောင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about ‘At the hospital’ ဆေးရုံမှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့အဓိပ္ပာယ်ဆန့်ကျင်ဘက်စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာလည်း Verbs တွေအကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Helping Verbs (အကူကြိယာ)တွေအကြောင်း ဆက်လက်ဖော်ပြတဲ့နေရာမှာ “Verb To Have” အကြောင်းကို နမူနာဝါကျများနဲ့တကွ ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။

**Helping Verbs (အကူကြိယာများ)**

**Verb to Do (ပြုလုပ်သည်။ ဆောင်ရွက်သည်။)**

Verb to Do ကို Principal Verb (ပင်မကြိယာ) တစ်ခုအနေဖြင့်သာမက (Helping Verb) အကူကြိယာအနေဖြင့်ပါ အသုံးပြုနိုင်သည်။

➢ As a principal verb, Verb to Do has the meaning of to perform or to act.

(Verb to Do ကို ပင်မကြိယာအနေဖြင့် အသုံးပြုပါက ပြုလုပ်သည်။ သို့မဟုတ် ဆောင်ရွက်သည်ဟု အဓိပ္ပာယ်ရသည်။) ဥပမာ –

**For Present**

- I do my exercises regularly.
- You do your work well.
- He does well in the examination.

**For Past**

- We did our homework last night.
- He did as he was told.

**For Continuous**

- She is doing her lesson now.
- She was doing the cooking when I met her.

**For Perfect**

- We have done our duty.
- The workers had done their work when the clock struck four.

**For Future**

- I shall do the corrections.
- She will do well next time.

➢ As a helping verb, Verb to Do is used for (a) asking questions and (b) forming a negative

(အကူကြိယာအနေဖြင့် Verb to Do ကို နှစ်မျိုးအသုံးပြုနိုင်သည်။ ၎င်းတို့မှာ ၁။ မေးခွန်းမေးခြင်း ၂။ အငြင်းဝါကျဖွဲ့စည်းခြင်းတို့ ဖြစ်ကြသည်။)

(a) Asking questions

For example:

Do you like chocolate?
Did you buy some?
Does your sister like chocolate?
Do you know him?
Does he work hard?
Did she come yesterday?
Did the boys go out last night?

(b) Forming a negative

For example:

- I do not know him.
- He does not work hard.
- She did not come yesterday.
- The boys did not go out last night.

**Short Forms of Verb to Do**

do not = don’t
does not = doesn’t
did not = didn’t

**Special Usage of Verb to Do**

Verb to Do ကို လေးနက်စေချင်သည့်အနေဖြင့်သော်လည်းကောင်း၊ သုံးပြီးသားကြိယာတစ်လုံးကို ထပ်မံအသုံးပြုခြင်းမှ ရှောင်ရှားလိုသည့်အခါတွင်လည်းကောင်း အသုံးပြုနိုင်ပါသေးသည်။

Verb to Do ကိုလေးနက်စေချင်သည့်အခါ (For emphasizing)

- Do help me. (ငါ့ကို အမှန်တကယ်ကူပါဦး)
- I do hate you. (မင်းကို ငါတကယ်မုန်းတယ်)
- She does say that she will come. (သူလာမယ်လို့ သူတကယ်ပြောတယ်)
- Hla Hla did write to you. (လှလှ မင်းဆီကို စာအမှန်တကယ်ရေးခဲ့တာ)

Verb to Do ကို သုံးပြီးသားကြိယာတစ်လုံးကို ထပ်မံအသုံးပြုခြင်းမှ ရှောင်ရှားလိုသည့်အခါ

- I like her as much as you do. (like her)
- You play as well as he does. (plays)
- Zaw Zaw ran faster than you did. (ran)

Verb to Do အကြောင်းပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း ထပ်မံဖော်ပြလိုက်ပါတယ်။

**Exercise (1) Insert do, does or did in the blank spaces:**

1. I ……………… not like him very much.
2. ……………… you like to go with him?
3. She ……………… a lot of work in her spare time.
4. They ……………… their homework in the classroom.
5. Please, ……………… come to my birthday party.
6. We ………………not go to the cinema last night.
7. They ……………… not understand what you told them.
8. How ……………… you do in the last test?
9. ……………… the teacher know that you ……………… not come to school yesterday?
10. ……………… you like him as much as she …………..?

**Exercise (2) Fill in the blanks with the forms of the verb to do.**

1. ……………… you see the accident this morning?
2. I ……………… not like to watch horror movies.
3. Minnie ……………… the housework at night.
4. ……………… Mel like to eat fried rice?
5. I ……………… my homework this afternoon.
6. Grace ……………… the grocery shopping yesterday.
7. I ……………… not know where he went.
8. Mother ……………… the gardening once a week.
9. ……………… the teacher set us any homework?
10. ……………… you like this painting?

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

| | | | | |
|---|---|---|---|---|
| 1. is | 2. are | 3. were | 4. was | 5. is |
| 6. are | 7. is | 8. was | 9. am | 10. am |

**Exercise (2) မှအဖြေများ**

| | | | | |
|---|---|---|---|---|
| 1. have | 2. have | 3. has | 4. had | 5. has |
| 6. had | 7. have | 8. has | 9. had | 10. have |

## VOCABULARY (ANTONYMS)

| | | |
|---|---|---|
| powerful (အားကောင်းသော) | ≠ | weak (အားနည်းသော) |
| praise (ချီးမွမ်းသည်) | ≠ | blame (ပြစ်တင်ဝေဖန်သည်) |
| public (အများပြည်သူနှင့်ဆိုင်သော) | ≠ | private (တစ်ဦးတစ်ယောက်နှင့်ဆိုင်သော) |
| punishment (အပြစ်ဒဏ်ပေးခြင်း) | ≠ | reward (အကျိုးကျေးဇူးတုံ့ပြန်ခြင်း) |
| purchase (ဝယ်သည်) | ≠ | sell (ရောင်းသည်) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about “At the hospital”

ဒီတစ်ပတ်မှာတော့ “At the hospital” ဆေးရုံမှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို “Shortest way to talk about “At the hospital” ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**How do you feel now?**

၁။ အခုဘယ်လိုနေသေးလဲဆိုပြီး မေးရင် How do you feel now? ဆိုပြီး မေးနိုင်ပါတယ်။ သူများတွေက ကိုယ့်ရဲ့ခံစားမှုနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားနေရလဲဆိုပြီးမေးရင် ဒီလိုပုံစံမျိုးနဲ့ မေးနိုင်ပါတယ်။ ဥပမာ –

**How do you feel now?**

၂။ I’ll be discharged from the hospital = ဒါကတော့ဆေးရုံကဆင်းတော့မယ်ဆိုပြီးပြောတာဖြစ်ပါတယ်။ ဆေးရုံက ဆင်းတာကို I’m leaving the hospital နဲ့ပြောရင် ဆိုလိုတဲ့ အဓိပ္ပာယ်လွဲချော်နိုင်ပါတယ်။ နေမကောင်းလို့ ဆေးရုံတက်ပြီး ဆေးရုံက ဆင်းမယ်ဆိုရင်တော့ I’ll be discharged from the hospital ဆိုပြီး ပြောနိုင်ပါတယ်။

**Did I miss …?**

၃။ ငါမမီလိုက်တာများရှိလား၊ ငါလွဲသွားတာများရှိခဲ့လားဆိုပြီး ကိုယ်မရှိတဲ့အချိန်မှာ တစ်ခုခုမလုပ်လိုက်ရတာကို ရည်ရွယ်ပြီးမေးလေ့ရှိတဲ့ စကားတစ်ခွန်းဖြစ်ပါတယ်။ ဒါကလည်း အသုံးအတော်များတဲ့အတွက် ပြောတတ်အောင် လေ့ကျင့်ထားရမှာဖြစ်ပါတယ်။ ဥပမာ –

- Did I miss a lot in class?
- Did I miss anything else?

**Conversation**

**At the hospital**

One of the Guests: How do you feel now?
Patient: A lot better! I’m still taking medication, but I’m on the mend. I’ll be discharged from the hospital in two days.
One of the Guests: Wow! That’s great news. And when will you be able to attend classes again?
Patient: Only next week.
One of the Guests: I’m counting down the days till you come back to school.
Patient: Did I miss a lot in class?
One of the Guests: Not a lot but you did miss a few things. Like today, Ms. Amy made us write a poem! She gave us ten words to use and a few rhyming words for a reference. She told us to write 5 verses. It was really difficult. I struggled to find a topic to use these words in.
Patient: Oh, she didn’t give you a topic?
One of the Guests: No, she didn’t.
Patient: It sounds fun to me!
One of the Guests: Then you shouldn’t miss next Tuesday’s class.
Patient: Same task?
One of the Guests: Yes!
Patient: I’m there! Did I miss anything else?
One of the Guests: You missed the Math test!
Patient: Yes!
One of the Guests: You are so lucky!
Patient: Lucky? Are you sure?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိ

(၃၀-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၆၂,၅၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၈၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၈၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၁,၀၀၄,၂၀၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၉,၃၈၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၂၉-၄-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၁,၀၀၄,၂၀၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၉,၃၈၆ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၅ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၅၀ | ၁၉၅၀ | ၁၉၁၀ | ၁၉၅၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၂၀၅၅ | ၂၀၅၀ | ၁၉၄၀ | ၁၉၅၅ | ၁၉၉၀ | ၁၉၉၀ | ၁၉၉၀ | ၂၂၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၁ | ၁၉၆၂ |
| 95 Ron | ၁၉၆၆ | ၂၀၃၉ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၇၀ |
| HSD (50 ppm) | ၁၈၇၈ | ၁၉၄၅ |
| HSD (10 ppm) | ၁၈၇၈ | ၁၉၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အာဂ . . . ဆရာတော် ( ရာပြည့်အကြို ပူဇော်ခြင်း )

**ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်ကြီး၏ ပဉ္စမမြောက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ဘဒ္ဒန္တအရိယဝံသ မဟာထေရ်ဆရာတော်ကြီးသည် စာရေးသူဇနီး ဒေါ်ကြည်ကြည်ညွန့်၏ ဘကြီးတော်စပ်သူဖြစ်ပြီး စာရေးသူ ဘုန်းကြီးကျောင်းသားဘဝတွင် စာပေသင်ကြားပေးဖူးသော ငယ်ဆရာလည်း ဖြစ်ပါသည်။**

**စိုးတင့်(ရောဝတီ)**
**၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရှင်**

နိုင်ငံတော်သြဝါဒါစရိယ ကျမ်းပြုဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ မဟာထေရ် မြတ်ကြီးမှာ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်၊ ၁၁-၅-၂၀၂၃ ရက်(ကြာသပတေးနေ့)တွင် ရာပြည့်အကြို သက်တော် ၉၉ နှစ်ပြည့်ပြီဖြစ်သည်။ မွေးနေ့မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် ဆရာဒကာ အရင်းဖြစ်ပြီး ဆွေမျိုးလည်း တော်စပ်သော စာရေးသူအဖို့ အလုပ်များနေပါတော့သည်။

စာရေးသူသည် ဆရာတော်ကြီးအပေါ် ငယ်ငယ်လေးကတည်းက စွဲစွဲမြဲမြဲ ကြည်ညိုရင်းစွဲရှိခဲ့ခြင်းကြောင့် ဆရာတော်ကြီး၏ ဘဝဇာတ်ကြောင်းများ၊ ရိုးသားကြိုးစားမှုများ ၊ အမှန်တရားအပေါ် မြတ်နိုးမှုများ၊ တိုင်းပြည်နှင့်လူမျိုး၊ အမျိုးဘာသာ သာသနာအပေါ် ချစ်မြတ်နိုးစွာ စွမ်းဆောင်ခဲ့မှုများ၊ စွန့်လွှတ်စွန့်စားမှုများ၊ ထိထိမိမိရှိသော သြဝါဒများ၊ အဆိုအမိန့်များ၊ စာပေများ၊ တရားနှလုံးသွင်း၍ ထူးထူးခြားခြား နေမှုထိုင်မှုများမှာ စိတ်အစဉ်တွင် အထင်းသား ပေါ်လာပါတော့သည်။

### ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော် အရှင်သူမြတ်အား သက္ကရာဇ် ၁၂၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့ ( ၂၅-၅-၁၉၂၄ ရက်) မွန်းတည့် ၁၂ နာရီတိတိ အချိန်တွင် ဟင်္သာတခရိုင် မြန်အောင်မြို့နယ် သပြေကုန်းတိုက်နယ် ဆပ်သွားဖူးကျွန်းရွာ၌ ခမည်းတော် ဦးဘိုးသန့်၊ မယ်တော် ဒေါ်အေးညွန့်တို့မှ မွေးဖွားသန့်စင်ခဲ့သည်။ မွေးချင်းခုနစ်ဦးအနက် ပဥ္စမမြောက်သားဖြစ်ပြီး ငယ်နာမည်မှာ မောင်တင်စိန် ဖြစ်သည်။

၁၂၉၄ ခုနှစ် ရှစ်နှစ်သားအရွယ်မှစ၍ သပြေကုန်းကျေးရွာ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တဇနိန္ဒထံတွင် ပညာဆည်းပူး၍ ၁၂၉၈ ခုနှစ်တွင် ထိုကျောင်း၌ ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၀၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် တနင်္လာနေ့ နံနက် ၈ နာရီအချိန်တွင် ဝါဆိုကျောင်းတိုက် ဗုဒ္ဓသိမ်တော်မြတ်၌ သပြေကုန်းရွာ ကံသစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဒုမ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်သိန်း + ဒေါ်ချစ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၀၈ ခုနှစ်တွင် ပထမငယ်တန်းအောင်မြင်ခဲ့သည်။ ၁၃၁၄ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်တွင် စာသင်ကြားခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် ပထမလတ်တန်းနှင့် ပထမကြီးတန်းအား တစ်နှစ်တည်းနှင့် အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ၁၃၁၆ ခုနှစ်တွင် မန္တလေးတောင် ထီးလင်းတိုက်တွင် စာဝါလိုက်ခဲ့ပြီး ကျမ်းရင်းသုံးရင်းကို နှစ်ချင်းပြီးပြီးမြောက်အောင်မြင်ခဲ့သည်။

၁၃၁၇ ခုနှစ် ( ၁၉၅၅ ခုနှစ်)တွင် သိရီပဝရ ဓမ္မာစရိယဘွဲ့ခံယူရရှိကာ ရဟန်း ၁၁ ဝါ ရသည်မှစ၍ ဟင်္သာတမြို့ အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်၌ အတန်းအသီးသီး ကျမ်းစာများကို မပြတ်ပို့ချခဲ့ပြီး တစ်ဖက်မှလည်း ပထမပြန်ကြီးကြပ်ရေးဥက္ကဋ္ဌ မြို့နယ်ဝန်ဆောင် မြို့နယ်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဝိနည်းဓိုရ် တာဝန်များကို ၁၃၄၆ ခုနှစ် အထိ ထမ်းဆောင်ခဲ့သည်။

၁၃၄၇ ခုနှစ်တွင် နိုင်ငံတော်ဗဟိုဝန်ဆောင် ဝိနည်းဓိုရ်အဖြစ် ၁၃၅၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်က ဆက်ကပ်သည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိခဲ့သည်။




၁၉၉၄ ခုနှစ်တွင် စတုတ္ထအကြိမ် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်က ဆက်ကပ်သည့်အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

အလံတံခွန်သဖွယ် ထင်ရှားသော တိုင်းပြည်၏ ကြီးမြတ်သော ဆရာဟု အဓိပ္ပာယ်ရသည့် "အဘိဓဇမဟာရဋ္ဌဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ယခုအခါ ဆရာတော်သည် သက်တော် ၉၉ နှစ် (ဝါတော် ၇၉ ဝါ) ရှိပြီး ဟင်္သာတမြို့ အတွင်းပတ္တမြားပရိယတ္တိ စာသင်တိုက်၌ပင် သီတင်းသုံးလျက် တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ၏ အကျိုးစီးပွားအတွက် ဆုံးမသြဝါဒပေးကာ ချီးမြှင့်စောင့်ရှောက်နေဆဲဖြစ်သည်။ ဆရာတော် ရေးသားပြုစုခဲ့သည့် ကျမ်းများမှာ -

(၁) ပထမငယ်တန်းအတွက် (၁၆) နှစ် စာမေးပွဲအဖြေစုံ၊
(၂) မောဂ္ဂလာန် နိဿယ ချနက်ရိုး၊
(၃) မောဂ္ဂလာနတ္ထ ဒီပကာ၊
(၄) ဓမ္မာစရိယတက်လမ်း စျာန်ခန်းပဒေသာ၊
(၅) နဝဂုဏာဒိ ကထာ၊
(၆) ကစ္စာယနသုတ္တဝိဓာန ခေါ် သုတ်အစီရင်သုတ်ဆိုကျမ်း၊
(၇) ပြည်လုံးကပ်ကျော် ဦးပါရဲ တာကြီးတန်းဘုရားသမိုင်းအကျဉ်းချုပ်နှင့် ပါဠိကျောက်စာတော်
(၈) သာကေတ(၁၀) ရပ်ကွက်၊ (၁၀၈)တောင်၊ မဟာဗောဓိစေတီတော် သမိုင်းနှင့် သမိုင်းကျောက်စာတော်၊
(၉) နှစ်(၉၀) ဘဝခရီးမှ စပ်မိစပ်ရာ သိမှတ်ဖွယ်ရာ ကဗျာစာစုများ။

ဆရာတော်ကြီးသည် ငယ်ဖြူဖြစ်ပြီး မြန်မာစာကို ကိုရင်ငယ်ဘဝကပင် အခက်အခဲများကြားမှ ကြိုးစားသင်ယူခဲ့သူ ဖြစ်သည်။ သူကြိုးစားသလောက် တပည့်များအားလည်း ကြိုးစားစေချင်သည်။ စာပေကျမ်းဂန်များကို သေသေချာချာ မလေ့လာ၊ မကြိုးစားပါက ထိထိမိမိ အပြစ်ပေးအရေးယူတတ်သည်။ တစ်ခါတစ်ရံ ကရုဏာဒေါသောဖြင့် ကြိမ်းမောင်းရိုက်နှက်ခြင်းများ အထိပင် ကြပ်ကြပ်မတ်မတ် သင်ပေးတတ်သည်။ ထို့ကြောင့် ဆရာတော်၏ တပည့်များမှာ ယခုတိုင် ဆရာတော်အပေါ် ချစ်ကြောက် ရိုသေကြသည်။

ယခုအခါ မြန်မာနိုင်ငံ အရပ်ရပ်သို့ ရောက်ရှိသီတင်းသုံးနေသော ကျောင်းအသီးသီးရှိကျောင်းထိုင်ဆရာတော်များ၊ ဓမ္မာစရိယအောင် တရားဟောကထိကများ၊ ဒေါက်တာဘွဲ့ရ ဆရာတော်များမှာ ငယ်စဉ်က သူတို့ကို ကြိမ်းမောင်းရိုက်နှက် ကြပ်ကြပ်မတ်မတ် သင်ပေးခဲ့သော ဆရာသမားအပေါ် အပြစ်မဆိုဘဲ ထိုအကြောင်းအရာများကို အချင်းချင်း ဟာသသဖွယ် ပြောဆို ငြင်းခုံပျော်ရွှင်နေကြပြီး ဆရာတော်ကြီး၏ မွေးနေ့ရောက်တိုင်း အနယ်နယ်အရပ်ရပ်မှ တပည့် သံဃာတော်များ ရာကျော်ခန့် မပျက်မကွက် လာရောက်ရှိခိုးဦးခိုက် ပူဇော်သြဝါဒခံယူနေခြင်းသည် ကျက်သရေရှိသော မြင်ကွင်းတစ်ခု ဖြစ်နေပါတော့သည်။

ဆရာတော်ကြီးသည် ရိုးသားကြိုးစားသူဖြစ်ပြီး စာသင်သားဘဝ မန္တလေးမြို့ တောင်ထီးလင်းတိုက်၌ ဓမ္မာစရိယ စာချတန်းကို ကြိုးစားသင်ယူစဉ်က နေ့စဉ်ရက်ဆက် အပျက်မခံ စွဲမြဲစွာ မှတ်သားပြုစုခဲ့သော ဆရာအာဘော်ကျ ဓမ္မာစရိယ မှတ်တမ်းစာမူကို နောင်လာနောက်သားများအတွက် ဓမ္မအမွေ ထားရစ်လိုသော ဆန္ဒဖြင့် ဓမ္မာစရိယတက်လမ်းကျမ်းနှင့် နိဗ္ဗာနစ္ဆန္ဒပူရဏီကျမ်း၊ နိဗ္ဗာန်လမ်းပြကျမ်း၊ ကစ္စာယနသုတ္တဝိဓာန ခေါ် သုတ်အစီရင်သုတ်ဆိုကျမ်း၊ မောဂ္ဂလာန် နိဿယ ချနက်ရိုး၊ မောဂ္ဂလာနတ္ထဒီပကာ၊ နဝဂုဏာဒိကထာနှင့် ကျောက်စာများ၊ စာမေးပွဲ အဖြေစုံများကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်ကြီးသည်ပိဋကတ်စာပေအရာ၌သာ ကျွမ်းကျင်လိမ္မာသည် မဟုတ်သေး။ ကဗျာ၊ လင်္ကာ၊ ရတု၊ အဲချင်း၊ အိုင်ချင်း စသော ကဗျာလင်္ကာအရာ၌လည်း ကျွမ်းကျင်လိမ္မာတော်မူသည်။ ခေတ်အလျောက် ထူးခြားသည့် အကြောင်းအရာတစ်ခုခု ပေါ်ပေါက်လာလျှင် ဆရာတော်ကြီးကား ကဗျာစပ်ဆို ရေးဖွဲ့တော်မူပြီး ဖြစ်၏။

> ❁ **တန်ဖိုးရှိသည့် ထိုစာပေအလင်္ကာများ မပျောက်မပျက်ရအောင် စုစည်းပြီး ကျမ်းတစ်စောင် ပေတစ်ဖွဲ့အဖြစ် ပေါ်ထွက်လာပါမူ ကောင်းလေစွဟု မျှော်လင့်တောင့်တစွာဖြင့် ဆရာတော်က နှုတ်ဖြင့် တည်းဖြတ်ပေးပြီး ဆရာတော်၏ တပည့်ဖြစ်သူ တိုက်အုပ်ဆရာတော် တရားဟော ဓမ္မကထိက အရှင်စန္ဒသီရိ (မြစ်ကွေ့) ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးနှင့် ဦးဇောတိပါလတို့ ဆင်ယင်ပြုစုသော နှစ်ကိုးဆယ် ဘဝခရီးမှ စပ်မိစပ်ရာ သိမှတ်ဖွယ်ရာ ကဗျာစာစုများ စာအုပ်က ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာနှင့် ကဗျာလင်္ကာအရာ၌ ကျွမ်းကျင်တော်မူပုံကို အထင်းသား မြင်ရသည်မှာ စာဖတ်ရသူအဖို့ တမြည့်မြည့် ခံစားရပြီး ဆရာတော်ကြီး၏ ပညာဂုဏ်ကို အခါခါ ဦးခိုက်မိပါတော့သည်**

ထိုကဗျာလင်္ကာတို့တွင် "ဘကြီးမှုံ" ကလောင်အမည်ဖြင့် တိုင်းပြည် ကောင်းစားရေးအတွက် ရေးဖွဲ့တော်မူသည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများပါ ဂန္ထဝင်မြောက် လေးချိုးကြီးကဲ့သို့ တိုင်းသိပြည်သိ စင်ပေါ်ရောက် ကဗျာလင်္ကာများရှိသကဲ့သို့ စင်ပေါ်သို့ မရောက်ရှိဘဲ စာအုပ်ပေအုပ်အကြား၊ စာဗီရိုများအတွင်း ဝပ်ဆင်းကာ နေရရှာသည့် ဆရာတော်ကြီးများ၏ ကဗျာလင်္ကာများလည်း များစွာပင်ရှိ၏။ ထိုကဗျာလင်္ကာတို့သည် အခြေအနေ၊ အချိန်အခါနှင့် ဆရာတော်ကြီး၏ သက်ရွယ်တော်အလိုက် ဖူးပွင့်ပေါက်ဖွားလာကြရာ အရွယ်ရွယ်၊ အစားစား ပန်းပွင့်လေးများပမာ အသွင်သဏ္ဌာန်မျိုးစုံ တည်ရှိနေကြ၏။ အရွှင်၊ အသောဟာသရသနှောသည့် ကဗျာလင်္ကာများရှိသလို အတည်အခန့်နှင့် ဂမ္ဘီရရနံ့လှိုင်သည့် ကဗျာလင်္ကာများလည်း ရှိ၏။

ဆရာတော်ကြီး၏ ပင်ကိုစရိုက်အရ ဟာသဉာဏ်၊ တိက္ခဉာဏ်၊ ဂမ္ဘီရဉာဏ်၊ တခ်ဏုပ္ပတ္တိဉာဏ် ရှိသည့်အလျောက် ကလောင်ဖျားမှ ပေါက်ဖွားလာသည့် ကဗျာပန်းဖူး၊ ပန်းငုံတို့သည်လည်း အရောင်အသွေးမျိုးစုံ၊ ရသမျိုးစုံဖြင့် ဖူးပွင့်လာကြ၏။ မြင်တွေ့၊ ဖတ်ရှုရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်၏။ သုတရသကို ရရှိခံစားစေနိုင်အောင် မွမ်းမံခြယ်သထားရာ သုတေသီများအတွက် များစွာတန်ဖိုး ရှိလှပေသည်။

တန်ဖိုးရှိသည့် ထိုစာပေအလင်္ကာများ မပျောက်မပျက်ရအောင် စုစည်းပြီး ကျမ်းတစ်စောင် ပေတစ်ဖွဲ့အဖြစ် ပေါ်ထွက်လာပါမူ ကောင်းလေစွဟု မျှော်လင့်တောင့်တစွာဖြင့် ဆရာတော်က နှုတ်ဖြင့် တည်းဖြတ်ပေးပြီး ဆရာတော်၏ တပည့်ဖြစ်သူ တိုက်အုပ်ဆရာတော် တရားဟော ဓမ္မကထိက အရှင်စန္ဒသီရိ(မြစ်ကွေ့) ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးနှင့် ဦးဇောတိပါလတို့ ဆင်ယင်ပြုစုသော နှစ် ၉၀ ဘဝခရီးမှ စပ်မိစပ်ရာ သိမှတ်ဖွယ်ရာ ကဗျာစာစုများစာအုပ်က ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာနှင့် ကဗျာလင်္ကာအရာ၌ ကျွမ်းကျင်တော်မူပုံကို အထင်းသား မြင်ရသည်မှာ စာဖတ်ရသူအဖို့ တမြည့်မြည့် ခံစားရပြီး ဆရာတော်ကြီး၏ ပညာဂုဏ်ကို အခါခါ ဦးခိုက်မိပါတော့သည်။

ဆရာတော်ကြီးသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို ကပ်လှူခြင်းခံခဲ့ရသည်။ ဤဘွဲ့မျိုးကား ရရှိရန် မလွယ်ကူပေ ...

၁။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း ၊
(အဂ္ဂမဟာပဏ္ဍိတလဒ္ဓ လဒ္ဓနဂုဏ်)၊
၂။ သက်တော်ရှည် သံဃာ့မဟာထေရ် ဖြစ်တော်မူခြင်း၊
(ရတ္တညူ မဟာနယကဂုဏ်)၊
၃။ ကျမ်းဂန်တတ်သိ ဗဟုသုတနှင့် ပြည့်စုံခြင်း၊
(ဗာဟုသစ္စဂုဏ်)၊
၄။ လူအပေါင်း၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ခြင်း ၊
(ဗဟုဇနဟိတသုခါဝဟဂုဏ်)၊
၅။ ကျမ်းဂန်ရေးသားပြုစုခြင်း
(ဂန္ထရစနာဂုဏ်) တို့နှင့် ပြည့်စုံရပေသည်။

*စာမျက်နှာ ၁၇ သို့*

## ပူတာအိုမြို့၌ ရဝမ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အဆို၊ အက၊ အတီး၊ အမှုတ် သင်တန်းဆင်း

ပူတာအို ဧပြီ ၃၀

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း၏ ဦးဆောင်မှုဖြင့် ရဝမ်တိုင်းရင်းသားဘိုးဘေးများက ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းလာခဲ့သော အဆို၊ အက၊ အတီး၊ အမှုတ်များသည် ခေတ်အခြေအနေကိုလိုက်သော အဆို၊ အက၊ အတီး၊ အမှုတ်များ၏ လွှမ်းမိုးမှုကြောင့် သမိုင်းအမွေအနှစ်များ တိမ်ကောလုနီးပါးဖြစ်လာခြင်းကြောင့် သမိုင်းအမွေအနှစ်များအား လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်စေရန် ဖွင့်လှစ်ခဲ့သော ရဝမ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အဆို၊ အက၊ အတီး၊ အမှုတ် သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂၈ ရက်က ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ် ခရန်ခူးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက ယခုသင်တန်းတွင် သင်ကြားပေးသောဘာသာရပ် ခြောက်မျိုးသည် ရှေးရဝမ်ဘိုးဘေးအစဉ်အဆက်ထိန်းသိမ်းလာသော အနုပညာအမွေအနှစ်များဖြစ်သဖြင့် သင်တန်းသား သင်တန်းသူများအနေဖြင့် အနုပညာ အမွေအနှစ် တိမ်ကောပပျောက်ခြင်း မရှိစေရန် လက်ဆင့်ကမ်း ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားပြီး အတီး၊ အမှုတ်ဘာသာရပ် သင်တန်းနည်းပြ ဦးဘေလားမင်က သင်တန်းတွင် ပို့ချခဲ့သော ဘာသာရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

သင်တန်းတွင် သင်တန်းနည်းပြ ကိုးဦးတို့က ရဝမ်တိုင်းရင်းသားများ၏ အမွေအနှစ် အဆို၊အက၊အတီး၊ အမှုတ်များမှ ဘာသာရပ်ခြောက်မျိုးကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လူငယ်သင်တန်းသားသင်တန်းသူ စုစုပေါင်း ၇၀ တို့အား ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်**
**(ပူတာအို)**

## ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

သန်လျင် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက လှူဒါန်းသော စာအုပ်စာစောင်များကို သန်လျင်မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲနှင့် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက်က သန်လျင်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ရပ်ကွက်ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စည်းကမ်းစနစ်ကျသော စာကြည့်တိုက်ကောင်းများ ဖြစ်ပေါ်စေရေးတို့အတွက် ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီအားပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်တာဝန်ခံများအနေဖြင့် ရပ်ကွက်ကျေးရွာတာဝန်ရှိ အဖွဲ့အစည်းများနှင့် အမြဲမပြတ်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **သန်းဝင်း(သန်လျင်)**



## (၃၈)ဖြာမင်္ဂလာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

ဒဂုံ ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဧပြီ ၂၈ ရက်က (၃၈)ဖြာမင်္ဂလာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)အသင်းဥက္ကဋ္ဌ ဦးရဲထွန်း(ဒဂုံ-၁ ကျောင်းသားဟောင်း)က အမှာစကားပြောကြားပြီး သင်တန်းသားကျောင်းသား ကျောင်းသူများအတွက် ၃၈ ဖြာ ယဉ်ကျေးလိမ္မာစာအုပ် ၁၀၀ နှင့် ငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကာ သင်တန်းသို့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဧပြီ ၂၈ ရက်မှ မေ ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ကြည်ဇေသော်**

*စာမျက်နှာ ၁၆ မှ*

ကျေးဇူးတော်ရှင် ဆရာတော်ကြီးကား ထိုဂုဏ်တို့နှင့် လုံးဝ ကုံလုံပြည့်စုံခြင်းကြောင့် အလံတံခွန်သဖွယ် ထင်ရှားသော တိုင်းပြည်၏ ကြီးမြတ်သော ဆရာဟု အဓိပ္ပာယ်ရသည့် "အဘိဓဇမဟာရဋ္ဌဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ အလှူခံရရှိတော်မူခဲ့ပေသည်။

ဆရာတော်ကြီး၏ စာပေကျမ်းစာများကို ဖတ်ရှုခံစားကြည့်သောအခါ ဝတ်ရည်သောက်သုံးသည့် ပျားပိတုန်းများ ပန်းခြံမှ မခွာနိုင်သကဲ့သို့ နှစ်သက်စရာ အဖုံဖုံ သိမှတ်စရာစုံသည့် စာကဗျာပန်းခြံတွင်းမှ မထွက်နိုင်လောက်အောင် ဆွဲဆောင်မှုရှိသည်ကို တွေ့မြင်ရသည်။

ကျွမ်းကျင်လိမ္မာသော ပန်းချီဆရာသည် ဆေးစက်ကျရာ၌ အရုပ်ထင်အောင် ခြယ်မှုန်းနိုင်သကဲ့သို့...

(၁) ကိုယ်ပိုင်ပဋိဘာန် ဉာဏ်ရှိခြင်း၊
(၂) ခေတ်အလိုက် လောကအသုံးအနှုန်းကို နားလည်ခြင်း၊
(၃) အသင့်ယုတ္တိ ရှိမရှိကို သိခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်ကြီးသည်..

အကြောင်းအရာလေးတစ်ခုကိုပင် ချုံ့၍တစ်ဖုံ၊ ချဲ့၍တစ်နည်း အသီးသီး ရေးသားခဲ့သည့် စာပေများမှာ ဖတ်မငြီးဖွယ်ရာ ရှိနေပေသည်။ ဆရာတော်ကြီး၏ကဗျာလင်္ကာစာပေများကို ဝေဖန်ရေးသားနေလျှင် ရွှေဖလားကို ငွေနားကွပ်သကဲ့သို့ ဖြစ်နေချေတော့မည်။ ထို့ကြောင့် စကားလက်တံဆန့်မနေတော့ဘဲ စာဖတ်ပရိသတ်များကိုယ်တိုင် လေ့လာဖတ်ရှုခံစားခြင်းဖြင့် အကျိုးထူးများ ရရှိနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပန်ကြားအပ်ပါသည်။

ဆရာတော်ကြီးသည် တပည့် ဒါယကာ ဒါယိကာမများအား ကရုဏာကြီးတော်မူသောအားဖြင့် "တပည့်တို့သို့ မေတ္တာလက်ဆောင်" ဟူသော အောက်ပါကဗျာလေးကလည်း လောကီလူသားများအတွက် အနှစ်သာရ ပါလှပေသည်....

**ကိစ္စအလျောက် ၊ အရေးရောက်သော်**
**စိတ်နောက်ကိုယ်ပါ ၊ မပြုရာဘူး**
**ပညာဉာဏ်ဖြင့် ၊ ချင့်ချိန်လင့်၍**
**အခွင့်လျော်စွာ ၊ ပြုကျင့်ရာ၏**
**တစ်ခါမိုက်မဲ ၊ မှားချွတ်လွဲသော်**
**ပေါက်ပြဲကိုယ်မှာ ၊ နာအဆာတို့**
**ပျောက်ပါသော်လဲ ၊ မာရွတ်မည်းကား**
**ထင်စွဲမည်မှာ ၊ တစ်သက်တာတည်း။**

ဆရာတော်ကြီး၏ တပည့်သံဃာ ဒါယကာ ဒါယိကာမများအား လောကီ ဒါယကာ ဒါယိကာမများအား လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် ဝိပဿနာတရားအား မဖြစ်မနေ ပွားများကျင့်ကြံရန်နှင့် အားလုံး သိရှိလိုက်နာရန် တရားပြသော အောက်ပါ "အကျဉ်းချုပ် အကျိုးပြုတရား" အတိုလေးကလည်း ထိထိမိမိ ရှိလှပါတယ် ...

ရုပ်နှင့်နာမ်သာ – တကယ်ရှိတာ
ငါဟုယူဘိ – မှားဒိဋ္ဌိ။
ဒိဋ္ဌိပယ်ခွာ – အပါယ်ကွာ
သာသနာတွေ့ ကျိုးရှိ။
ပေါ့တော့တော့ တော့ – မထင်နဲ့နော်
တကယ်ပြန်သား – မြတ်တရား
တကယ်မှတ်သား – ထပ်မနား။

သက်တော်ရှည် ဆရာတော်ကြီးသည် ယခုအခါ လွန်ခဲ့သော ခုနစ်နှစ်ခန့်မှ စတင်ဖြစ်ပွားလာသော ရင်ဘတ်တွင်ဖြစ်ပေါ်လာသည့် ဆင်ရေယုန်ဝေဒနာကို ခံစားနေရပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ဒါယကာအရင်းဖြစ်သူ ဒုတိယဝန်ကြီး (ငြိမ်း) ဆရာကြီး ဦးဝင်းမြင့်နှင့် စာရေးသူတို့ကိုယ်တိုင် အထူးကြပ်မတ်၍ ပါရဂူအစုံစုံဖြင့် ဂရုတစိုက်ပြုစုကုသသော်လည်း ပျောက်ကင်းခြင်း မရှိပါ။ သက်တော်လည်း ကြီးရင့်တော်မူခြင်း၊ အာရုံကြောနာဗ်ကြောများအထိ ပျံ့နှံ့နေပြီဖြစ်၍ ထိန်းရုံသာ လုပ်နိုင်တော့ကြောင်းသာ ပါရဂူများ မှတ်ချက်ပြုကြသဖြင့် ဒါယကာ ဒါယိကာမများ စိတ်မချမ်းသာဘဲ ဖြစ်နေရသည်။ ဆရာတော်ကြီးသည် ရောဂါဝေဒနာကို မပြတ် ခံစားနေရသော်လည်း ညည်းညူခြင်းမရှိဘဲ "ကံစီမံရာပေါ့ကွာ၊ ငါ့အတွက် မပူပါနဲ့ ငါ့တရားနဲ့ငါနေတတ်ပါတယ်" ဟု ပြော၍ ဆိတ်ဆိတ်နေရှာပါသည်။ လမ်းလည်း မလျှောက်နိုင်တော့ဘဲ ပက်လက်ကလေးဖြင့် တပည့်များ ပြုစုမှုဖြင့် ခန္ဓာဝန်ကို ပင်ပန်းစွာ ထမ်းရွက်နေရသည်။

အားမနာဘဲ တပည့်များက လျှောက်ထားသော "သာသနာတော်အတွက် အသက်တစ်ရာကျော်နေပေးပါဘုရား" ဟု လျှောက်ထားချက်ကို အပြစ်မပြောဘဲ "အေးပါကွာ" ဟု တိတ်ဆိတ်စွာ လက်ခံတော်မူသည်။

၂၀၂၀ ပြည့်နှစ်တွင် ဆိုးဆိုးရွားရွား ဖြစ်ပွားလာသော ကိုဗစ် – ၁၉ ရောဂါဒဏ်ကိုလည်း ခံခဲ့ရပါသည်။ ဆရာတော်ကြီးအား ကိုဗစ်မကူးစေရန် အမျိုးမျိုး စီမံတားမြစ်ထားသော်လည်း ကမ္ဘာ့ကူးစက်မြန်ရောဂါကပ်ဆိုးကြီးက အထောက်ထားအညှာတာမဲ့စွာ ဒုက္ခပေးပါတော့သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်တွင် အဆိုးဆုံးဖြစ်ပြီး ဆရာတော်ကြီး ညီဖြစ်သူသက်တော် ၉၅ နှစ် ဦးဒီပါလောက၊ ညီတစ်ဝမ်းကွဲတော်သူ အသက် ၉၃ နှစ် ဦးလှအောင်တို့မှာ ကိုဗစ်ကြောင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့သည်။

ဆရာတော်ကြီး စိတ်မကောင်းဖြစ်မည်ဆိုး၍ အခြေအနေအသေးစိတ်ကို မပြောပြသော်လည်း ဆရာတော်က ရိပ်မိနေပြီး တရားနှင့် စိတ်ငြိမ်စွာ နေတော်မူ ရှာပါသည်။ နောက်ဆုံးတွင် အနီးကပ်တပည့်များဖြစ်သော ဦးဇိန၊ ဦးဇောတိပါလတို့မှ တစ်ဆင့် ကိုဗစ်ရောဂါ ကပ်ဆိုးကြီးက ဆရာတော်ကြီးအား ကူးစက်ပါတော့သည်။

အတွင်းပတ္တမြားကျောင်းရှိ သံဃာတော်များ၊ ကပ္ပိယများ အားလုံးအား နိုင်ငံတော်က အထူးအစီအစဉ်အဖြစ် ကာကွယ်ဆေးထိုးနှံပေးသော်လည်း ဆရာတော်ကြီး မှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်၍ ပါရဂူကြီးများကတိုင်ပင်ပြီး ကာကွယ်ဆေး မထိုးဖြစ်ခဲ့ပါ။ ကာကွယ်ဆေးထိုးထားသော တပည့်များတောင် ဖြစ်နေ၍ ဆရာတော်ကြီးမှာလည်း သေချာပေါက်ဖြစ်နေမည်ဟု တွက်ချက်၍ ပါရဂူများက စစ်ဆေးခဲ့ရာ အမှန်တကယ် ကိုဗစ်ရောဂါ ခံစားနေရကြောင်း တွေ့ရှိရသည်။

ဆရာတော်ကြီးက "ငါ့အတွက် မပူပါနဲ့ကွာ.. ငါ့တရား ငါရှိပါတယ်" ဟု ထုံးစံအတိုင်းပြောပြီး ပါရဂူများ၊ အနီးကပ် သူနာပြု ဆရာမများ၏ ညွှန်ကြားကြပ်မတ် ကုသမှုများကိုတော့ စိတ်ရှည်စွာ ခံယူခဲ့သည်။ အစား မစားချင်၊ ဆေးမသောက်ချင်သော်လည်း ကြိုးစားပြီး သောက်သုံးခဲ့ကာ "ကဲ…ငါ့တာဝန်ကျေပြီမလား"....ဟု တပည့်များအား ကျေနပ်အောင် ပြောရှာပါသည်။ ထိုအချိန်က စာရေးသူလည်း မသွားနိုင်ဘဲ အဝေးမှပင် video call ဖုန်းဖြင့်ခေါ်၍ လိုအပ်သည်များ ဂရုစိုက် ပေးနေရပါသည်။ စိတ်ထဲမှာလည်း ဆင်ရေယုန်အပြင် ကိုဗစ်ပါ ဖြစ်နေသော ဆရာတော်ကြီးမှာ သေချာပေါက် ခန္ဓာဝန်စွန့်ရမှာပဲဟု တစ်ထစ်ချ တွက်နေပြီး အထူး စိတ်မချမ်းမသာ ဖြစ်နေခဲ့ရသည်။

ဆရာတော်ကြီးမှာ ၂၁ ရက် ကျော်သည်အထိ ကြပ်ကြပ်မတ်မတ် ဆေးကုသပေးမှုကြောင့် အောက်ဆီဂျင်မပေးရဘဲ ထူးထူးခြားခြား ပြန်ကောင်းလာသည်မှာ အံ့သြဖွယ်ရာ ဖြစ်ပါသည်။ ဘယ်လိုမှ ယုံကြည်စရာမရှိသော ဖြစ်စဉ်ဖြစ်ပြီး ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကို အထူးလေးစားခဲ့မိရသည်။

၂၀၂၄ ခုနှစ်တွင် ဆရာတော်ကြီး အသက် ၁၀၀ ပြည့်မည်ဖြစ်ပါသည်။ လူသာမန်တို့ မလုပ်နိုင်၊ မဖြစ်နိုင်သော အလုပ်များ အခက်အခဲများကို ကျော်ဖြတ်ပြီး ဆရာတော်ကြီးက လျှောက်လမ်းနေဆဲဖြစ်သည်။ ယခုအခါ ပက်လက်ကလေးနှင့် ဆင်ရေယုန်ဝေဒနာကို ခံစားနေရသော ဆရာတော်ကြီးအား ယခင်လို ဆရာဒါယကာအရင်းဖြစ်သူ စာရေးသူက အများအတွက် ဘာသာသာသနာအတွက် "အသက် တစ်ရာကျော်နေပေးပါဘုရား" ဟု မလျှောက်ရက်တော့ပါ။

ဆရာတော်ကြီး စိတ်ချမ်းသာသလို တရားနှလုံးသွင်းပြီး နေပါဘုရားဟု လျှောက်ထားရင်း ရာပြည့်အခမ်းအနားလုပ်ရန် စိတ်ကူးယဉ် နေမိပါတော့သည်။ ။

# ကသာမြို့နယ်မှ စိန်တစ်လုံးသရက်စိုက်ပျိုးသူများ မူဆယ်နယ်စပ်လမ်းကြောင်း ကောင်းမွန်ရေးမျှော်လင့်နေ

**ကသာ ဧပြီ ၃၀**

ကသာမြို့နယ်အတွင်း မြို့အရှေ့ဘက် ဧရာဝတီမြစ်နှင့် အနောက်ဘက် ဖက်ဆွတ်တောင်တန်းကြား၌ နှစ်ရှည်ပင်ဖြစ်သော စိန်တစ်လုံး သရက်ခြံ ဧကပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးထားရာ အဆိုပါခြံရှင်များ အနေဖြင့် မူဆယ်နယ်စပ်ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်း ကောင်းမွန်ရေးအတွက် မျှော်လင့်လျက်ရှိကြောင်းနှင့် လက်ရှိအချိန်တွင် မိုးရွာခြင်းနှင့် လေပြင်းတိုက်ခြင်း သဘာဝဘေးများကြုံတွေ့နေရသဖြင့် ဈေးကောင်းရရေး မျှော်လင့်နေကြကြောင်း သိရသည်။

ခြံရှင်များအနေဖြင့် သရက်သီးများတွင် ဖျက်ပိုးများ၊ ကပ်ပါး ကောင်များ တွယ်ကပ်ခြင်းမရှိစေရန်နှင့် သရက်သီးအလုံးတိုင်း နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်များကင်းပြီး အလုံးလှစေရန် အိတ်စွပ်ခြင်းကို ယခု ဧပြီလမှစ၍ နေ့စားလုပ်သားခ တစ်ရက်လျှင် ကျပ် ၇၀၀၀ ပေးပြီး ဆောင်ရွက်နေကြသည်။

“ကသာမြို့နယ်မှာတော့ သရက်ခြံ ဧကပေါင်း ၁၀၀၀ ကျော်လောက် ရှိတယ်၊ မနှစ်က ကသာမြို့ပေါ်မှာတော့ လက်လီလက်ကားဈေး အရွယ်အစားအပေါ်မူတည်ပြီး တစ်လုံးကို ကျပ် ၂၀၀ ကနေ ၅၀၀ အထိ အမြင့်ဆုံးရောင်းရတယ်။ များများဖြန့်အားမရှိတော့ ငွေလုံးငွေရင်း ရရှိအောင် မူဆယ်နယ်စပ်ကတစ်ဆင့် တရုတ်ဘက်ကို ပို့ဆောင်ရောင်းချ တာမှာ ကိုဗစ်ကြောင့် လမ်းခရီးနှောင့်နှေးကြန့်ကြာပြီး သရက်သီး အရည်အသွေးကျဆင်းလို့ မနှစ်က အရှုံးပေါ်ခဲ့ကြတယ်။ အခုနှစ်မှာ သရက်သီးတစ်လုံးကို အိတ်စွပ်ခ၊ ဂျပ်ဖာနဲ့ ထုပ်ပိုးခ၊ ကားငှားခ၊ ခူးဆွတ်ခ စုစုပေါင်း ကျပ် ၃၅၀ လောက် ကုန်ကျနေတယ်။ ရောင်းချ ချိန်မှာ မူဆယ်လမ်းခရီးကောင်းဖို့ လိုအပ်တယ်” ဟု သရက်သီးခြံ လုပ်ငန်းရှင်ဦးစိုးက ပြောသည်။



ယခုနှစ်တွင် စိန်တစ်လုံးသရက်သီးများကို တရုတ်နိုင်ငံက အလုံး ၁၀၀ ပါ ဂျပ်ဖာဖြင့် တစ်ဖာလျှင် တရုတ်ယွမ် ၁၀၀ မှ ၁၄၀ ဈေးနှုန်းဖြင့် အရည်အသွေးအပေါ်မူတည်ပြီး ဈေးကောင်းပေး ဝယ်ယူနေကြကြောင်း သိရသည်။ ယခုအခါ ဧပြီလဝက်ကျော်ပြီဖြစ်၍ မေလဆန်းခန့်တွင် ခူးဆွတ်ရောင်းချနိုင်ရန် အိတ်စွပ်ခြင်းများ လုပ်ကိုင်နေစဉ် အချိန်အခါ မဟုတ် မိုးလေတိုက်ခြင်းကြောင့် သရက်သီးအထွက်နှုန်း အနည်းငယ် လျော့နိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မူဆယ်နယ်စပ်လမ်းကြောင်းကို တရုတ်နိုင်ငံ ဘက်က ဖွင့်ထားပြီဖြစ်ရာ လမ်းခရီးတွင် အချိန်ကြန့်ကြာခြင်းမရှိလျှင် အရည်အသွေးမီ စိန်တစ်လုံးသရက်သီးများကို ဈေးကောင်းဖြင့် ရောင်းချနိုင်မည်ဖြစ်၍ သရက်သီးစိုက်ပျိုးတင်ပို့ရောင်းချသူများ အနေဖြင့် မူဆယ်နယ်စပ်လမ်းကြောင်း ကောင်းမွန်ရေးအတွက် မျှော်လင့်နေကြကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ကျောက်ပန်းတောင်းမြို့နယ်ထွက် ဆောင်းကြက်သွန်များ ယခင်နှစ်ထက် ဈေးနှုန်းတစ်ဆကျော် ပိုမိုရရှိ

**ညောင်ဦး ဧပြီ ၃၀**

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ချောင်းနှင့် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ၌ ဆောင်းကြက်သွန်များ နုတ်သိမ်းပြီးချိန်တွင် တစ်ပိဿာ ကျပ် ၁၂၀၀ ဈေးဖြင့် ရောင်းချရခြင်းကြောင့် ယမန်နှစ်က တစ်ပိဿာ ကျပ် ၅၀၀ ဈေးထက် တစ်ဆကျော် ပိုမိုရရှိနေကြောင်း ဆောင်းကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်၌ ကြက်မောက်တောင်ချောင်းနှင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်မှ ကျေးရွာ ၂၀ ကျော်သည် ဆောင်းကြက်သွန်ကို အမြောက်အမြားစိုက်ပျိုးကြကြောင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် ပျိုးထောင်ကြကာ ပျိုးသက် ၄၅ ရက်တွင် စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ရကြောင်း၊ စိုက်ပြီးတစ်လခွဲ ခန့်ကြာလျှင် အပင်ဖြစ်ထွန်းမှုအခြေအနေ ကြည့်ပြီး ရွက်ဖျန်းဆေးနှင့် ပုလဲ ခေါ် ယူရီးယား ဓာတ်မြေသြဇာထည့်သွင်းရကြောင်း၊ ဆောင်းကြက်သွန်တစ်သီး ပျိုးထောင်ချိန်မှ နုတ်သိမ်းသည်အထိ ငါးလခန့်ကြာမြင့်ကြောင်း သိရသည်။



ဆောင်းကြက်သွန် တစ်သီးစိုက်ပျိုးရန် ထွန်စက်ခ၊ ထွန်ရှည်းခ၊ လုပ်သား၊ မြေဆီ၊ ရွက်ဖျန်းဆေး၊ စက်ဆီ၊ စိုက်ခ၊ နုတ်သိမ်းခ၊ သယ်ယူခ၊ ကြက်သွန်လှောင်စင်ပေါ်တင်ခများ ကုန်ကျသဖြင့် ကြက်သွန်စိုက်ခြင်းသည် ကရိကထအလွန်များကာ ကြက်သွန်တစ်ဧက စိုက်ပျိုးစရိတ်မှာ ကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ ထို့ကြောင့် ကြက်သွန်နုတ်သိမ်းစတွင် တစ်ပိဿာ ကျပ် ၇၀၀ ဈေးခန့်ရမှသာ တောင်သူများ အဆင်ပြေကြောင်း သိရသည်။

ဆောင်းကြက်သွန်များသည် အထားခံခြင်းကြောင့် တစ်နှစ်ပတ်လုံး လှောင်၍ ရသော်လည်း ငွေကြေးအခက်အခဲရှိသည့် တောင်သူများအနေဖြင့် နုတ်သိမ်းပြီးချိန်တွင် ချက်ချင်းရောင်းချရပြီး ငွေကြေးတတ်နိုင်သူများကသာ လှောင်ထားကြကာ လှောင်ကြက်သွန်ဈေးကောင်းချိန်ဖြစ်သည့် ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ဆောင်းကြက်သွန်များကို ပြန်ထုတ်ရောင်းကြကြောင်း၊ ယခုနှစ် ဆောင်းကြက်သွန်များမှာ အရည်အသွေးကောင်းမွန်သဖြင့် ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ပိုမိုဈေးရရှိနိုင်ကြောင်းလည်း တောင်သူများထံမှ သိရသည်။ **ဒီပါလင်း**

# ကျောက်ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးသည့် ထိုင်ဝမ်သဘော်များ ထွက်ရှိသလောက် ရောင်းချနေရ

**ညောင်ဦး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကန်ပတ်လည်အုပ်စုကျေးရွာများသည် ထိုင်ဝမ်သဘော်အများအပြား စိုက်ပျိုးခဲ့ရာ သဘော်သီးပေါ်ချိန်တွင် ဈေးကွက်အတွင်း ထွက်ရှိသလောက် ရောင်းကောင်းနေခြင်း ကြောင့် ထပ်မံစိုက်ပျိုးရန် ပျိုးထောင်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ထိုင်ဝမ် သဘော်စိုက်ပျိုးရာတွင် အသီးသီးနှုန်း ကောင်းမွန်ပြီး အသီးလည်းကြီးကာ ဈေးနှုန်းမှာလည်း အစိမ်းတစ်လုံးလျှင် ကျပ် ၄၀၀ ခန့်၊ အမှည့်တစ်လုံးလျှင် ကျပ် ၁၅၀၀ ခန့်ဈေးဖြင့် ရောင်းချရကြောင်း၊ ထိုင်ဝမ်သဘော် စိုက်ပျိုးရာတွင် အစေ့ ၄၀၀ ပါ ထိုင်ဝမ်သဘော် ပျိုးစေ့ထုပ်ဝယ်ယူပြီး တစ်စေ့တစ်အိတ်ထည့်၍ ပျိုးထောင်ရကြောင်း၊ ထိုင်ဝမ်သဘော်မျိုးများသည် ပထမမျိုးဆက်သာ အသီးသီးနှုန်းကောင်းမွန်ကြီးထွားပြီး ဒုတိယမျိုးဆက်တွင် အပင်ပေါက်သော်လည်း အသီးမကြီးခြင်း၊ အဖိုပင်၊ အမပင် ရောနှောနေတတ်ခြင်းတို့ကြောင့် မူရင်းအစေ့ထုပ်ထပ်ဝယ်၍ စိုက်ပျိုးကြရကြောင်းလည်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ထိုင်ဝမ်သဘော်များကို ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများတွင် စီးပွားဖြစ် အများအပြားစိုက်ပျိုးကြပြီး ကျောက်ပန်းတောင်း၊ မကွေး၊ မိတ္ထီလာ၊ ပခုက္ကူ၊ ညောင်ဦး၊ ပုဂံ၊ မြင်းခြံဈေးကွက်များသို့ ရောင်းချကာ ထွက်သလောက် ရောင်းကုန်နေသဖြင့် ထပ်မံစိုက်ပျိုးရန် တောင်သူများက ထပ်မံပျိုးထောင်နေကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# သင်္ကြန်အလွန်တွင် မန္တလေးဈေးကွက်အတွင်း တရုတ်ပြည်ပို့ကုန် ပဲများ အရောင်းအဝယ်သွက်

**မန္တလေး ဧပြီ ၃၀**

သင်္ကြန်အပြီးကာလ နှစ်သစ်အခါသမယတွင် မန္တလေးပဲဈေးကွက်၌ တရုတ်ပြည်ပို့ကုန် ပဲအမျိုးအစားများ အရောင်းအဝယ်သွက်လျက် ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက် စတင်ဖွင့်လှစ်သည့် အချိန်တွင် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး တရုတ်ပြည်ပို့ ကုန် ပဲအမျိုးအစားများဖြစ်သည့် ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲလုံးဆန် အဖြူ၊ အနီ၊ နှမ်းဖြူ၊ စမုန်နက်နှမ်း စသည့် သီးနှံများ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

မန္တလေးပဲ ဈေးကွက်မှာ တရုတ်ပို့ကုန်ပဲတွေ နယ်စုံဒေသက ဝင်ရောက်လာပြီး နေ့စဉ်အရောင်းအဝယ်တွေ ဖြစ်နေတယ်။ တရုတ်–မြန်မာ ကုန်သွယ်ရေး ဂိတ်တွေက ကိုဗစ်ကာလမှာ သုံးနှစ်ကျော်လောက် ပိတ်ခဲ့တယ်။ ဒီနှစ်မှာ ကန့်သတ်ချက်တွေကို ပယ်ဖျက်ပြီး ဖွင့်လှစ်လိုက်တဲ့အတွက် အရောင်းအဝယ်တွေ ပိုကောင်းလာတယ်။ ရောင်းအား ဝယ်အား ပမာဏတွေလည်း ပိုမြင့်မားလာတယ်။ ကုန်သွယ်ကားတွေနဲ့ အလုပ်သမားတွေလည်း အလုပ်အကိုင်တွေရရှိပါတယ်” ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်အတွင်း တရုတ်ပြည်ပို့ကုန်များဖြစ်သည့် ပဲတီစိမ်း(ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၂၅၀၀၀၊ ပဲတီစိမ်း(အညာရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀၀၊ နှမ်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၁၀၀၀၀၊ စမုန်နက်နှမ်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၇၀၀၀၀၊ မြေပဲလုံး ဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ မြေပဲလုံးဆန်အနီ တစ်ပိဿာလျှင်ငွေကျပ် ၇၅၀၀ ဈေးဖြင့် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# ပွင့်ဖြူမြို့နယ်၌ တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် မိုးကြိုပဲတီစိမ်းသီးနှံများ ကြိုးပမ်းစိုက်ပျိုးလျက်ရှိ

**ပွင့်ဖြူ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဒေသခံတောင်သူများအနေဖြင့် သီးနှံဝင်ငွေတိုးပွားစေရန် မိုးကြို ပဲတီစိမ်းသီးနှံများကို ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး ဧပြီလကုန်ပိုင်းအထိ မိုးကြိုပဲတီစိမ်း ၅၆၂၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက “အခုဆိုရင် မြို့နယ်အတွင်းက ကျေးလက်ဒေသတချို့မှာ ဈေးကွက်ရှိတဲ့ ပဲတီစိမ်း သီးနှံကို မိုးကြိုသီးနှံအဖြစ်စိုက်ပျိုးနေကြတယ်။ မိုးကြိုသီးနှံပဲတီစိမ်းကို မတ်လ တတိယပတ်လောက်ကစတင် စိုက်ပျိုးခဲ့ကြပြီး ယနေ့အထိ မိုးကြိုပဲတီစိမ်း ၅၆၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧက သီးနှံအထွက်နှုန်းတိုးတက်စေဖို့ အခြေခံစိုက်ပျိုးနည်းစနစ်တွေနဲ့ သီးနှံ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို သိရှိလိုက်နာ ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာနယ်မြေအလိုက် စိုက်ပျိုးရေး ဦးစီးဌာနမှ ကွင်းတာဝန်ခံများက တောင်သူပညာပေးခြင်းတွေကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးနေပါတယ်” ဟု ပြောသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူဒေသခံ တောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး၊ နွေနှမ်းနှင့် အခြားနွေသီးနှံများကို စိုက်ပျိုးလျက်ရှိကာ အချို့တောင်သူများမှာ သီးနှံဝင်ငွေ ပိုမိုတိုးပွားစေရန်အတွက် နွေစပါးနှင့် နွေနှမ်းအပြင် မိုးကြိုသီးနှံအဖြစ် ပဲတီစိမ်း သီးနှံများကိုပါ စိုက်ပျိုးနေကြခြင်းဖြစ်သည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၃၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်နေ သီတာဦး(ခ) မယ်သီတာသည် ၎င်းအသုံးပြုသည့် "တစ်ဆုပ်" Facebook အကောင့်နှင့် "ရောင်နီထွန်း" Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ထိုင်းအသင်း သုံးမှတ်စတင်ရရှိ

**ရန်ကုန် ဧပြီ ၃၀**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဧပြီ ၃၀ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပရာ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း အနိုင်ရခဲ့သည်။

အုပ်စု (ခ) ပထမနေ့တွင် နာမည်ကြီးနှစ်သင်းစလုံး အနိုင်ရခဲ့ပြီး ထိုင်းအသင်းက စင်ကာပူအသင်းကို သုံးဂိုး - တစ်ဂိုး၊ ဗီယက်နမ်အသင်းက လာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (ခ) တွင် ငါးသင်းပါဝင်ပြီး ပထမနေ့တွင် မလေးရှားအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်းသာ ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် ဂိုးများကို ၈ မိနစ်တွင် တီယာဆတ်၊ ၃၉ မိနစ်တွင် အချစ်ပိုလ်နှင့် ၄၇ မိနစ်တွင် သောင်ဆာနစ်တို့က သွင်းယူပြီး စင်ကာပူအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၁ မိနစ်တွင် နစ်ကီက သွင်းယူခဲ့သည်။

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းမှာလည်း အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သော်လည်း နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် ငုယင်ဗန်သောင်က ဗီယက်နမ်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး နောက်ပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ဗီယက်နမ်အသင်းအတွက် ဒုတိယဂိုးကို မိနစ် ၉၀ တွင် ငုယင်ဗီယက်က သွင်းယူခဲ့သည်။ အုပ်စု (က) ဒုတိယနေ့ပွဲစဉ်များကို မေ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

မန်ယူမှ အားထားရသည့် ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သူ ဘရူနိုဖာနန်ဒက်စ်သည် ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၎င်း၏ ကစားသမားဘဝ လိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက် ခဲ့ပြီဖြစ်သည်။ ဒုတိယပိုင်းတွင် ပြိုင်ဘက်အက်စ်တွန်ဗီလာအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း ချေပဂိုးရရှိသည်အထိ လုံလောက်သော စွမ်းဆောင်မှုမျိုး ပြသနိုင်ခြင်းမရှိပေ။ မန်ယူအသင်းက ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်ရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ခြောက်ကြိမ်တွင် တစ်ကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ပြိုင်ဘက် ဗီလာအသင်းသည် မန်ယူအသင်းဘက် ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်သာရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှုမရှိပေ။

ယခုပွဲ အနိုင်ရရှိမှုကြောင့် မန်ယူအသင်းက ၃၂ ပွဲကစားပြီး ရမှတ် ၆၃ မှတ်ဖြင့် အဆင့် (၄) တွင် ဆက်လက် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ဘက် ဗီလာက ၃၄ ပွဲကစားပြီး ၅၄ မှတ်ဖြင့် ဥရောပဝင်ခွင့် တစ်နေရာရရှိရန် ဆက်လက်ရုန်းကန်ရဦးမည်ဖြစ်သည်။



မန်စီးတီးတိုက်စစ်မှူး ဟာလန်း ဖူလ်ဟမ်အသင်းဘက်သို့ အဖွင့်ဂိုးကန်သွင်းစဉ်။

ဧပြီ ၃၀ ရက် ည ၇ နာရီခွဲက မန်ယူနှင့် ဗီလာအသင်းတို့အပြင် နယူးကာဆယ်နှင့် ဆောက်သမ်တန်၊ ဘုန်းမောက်နှင့် လီဒ်စ်၊ ဖူလ်ဟမ်နှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် ယှဉ်ပြိုင်ကစားခဲ့သည်။ နယူးကာဆယ်နှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် နယူးကာဆယ်က သုံးဂိုး-တစ်ဂိုး၊ ဘုန်းမောက်နှင့် လီဒ်စ်အသင်းတို့ ပွဲစဉ်တွင်ဘုန်းမောက်က လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဖူလ်ဟမ်နှင့် မန်စီးတီးတို့ပွဲစဉ်တွင် မန်စီးတီးက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးနှင့် စပါးတို့ပွဲတွင် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် လီဗာပူးက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**အောင်ဇော်**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၄ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၆၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| MTSH | ၂၉၀၀ | ၃၀၀၀ | ၇၂၆ | ၂၁၀၈၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၆၈ | ၁၁၇၆၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၁၀၃၂ | ၁၄၉၆၄၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၀ | ၇၅၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၅၄ | ၁၄၀၄၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ မှ ၂၄ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သော သတင်းစာ(ရိုက်ပျက်)၊ ပုံနှိပ်ပြီးသောပလိတ်ပြား(အဟောင်း)၊ လုံးကျန်၊ လိပ်ခွာ၊ စက္ကူလိပ်၏(အူတိုင်အလွတ်)၊ မင်ပုံးခွံနှင့် ထိပ်ပိတ်အဝိုင်းပြားများကိုဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၁-၅-၂၀၂၃ ရက်မှ ၁၅-၅-၂၀၂၃ ရက်အထိ ရုံးဖွင့်ရက်တွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၅-၂၀၂၃ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီအတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်၍တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး (၁%) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Preformancce Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

